ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊တော်သလင်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-9-2004) (၄၃၅၇)

တပေါ် စ
တော် မင်္ဂလ မုတ္တမ်။

ငြိုးငြိမ်စွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရေနံချောင်းစက်မှုနယ်မြေသည် အစဉ်အလာကောင်း၊ နာမည်ကောင်းရှိ မိမိတို့၏ပင်ကိုအရည်အသွေးများကို မြှင့်တင်၍ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ ထူထောင်နိုင်အောင် ကြိုးစား

မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်ရာတွင် ကိုယ်ပိုင်အတတ်ပညာစွမ်းအားနှင့် ဖန်တီးနိုင်မှုအပေါ် အဓိကအားပြုလုပ်ကိုင်

ရန်ကုန်　စက်တင်ဘာ　၁၄

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် မကွေးတိုင်း ရေနံချောင်းမြို့ စက်မှုဇုန်ခန်းမသို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်း၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ရေနံချောင်းစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ★

တီထွင်ကြံဆထုတ်လုပ်

- ❖ ပြည်တွင်း ဈေးကွက်အတွင်းသို့ ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်များ တိုးချဲ့ထုတ်လုပ်နိုင်အောင် မှန်မှန်ကန်ကန် သန့်သန့်ရှင်းရှင်းဖြင့် ဆက်လက်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်။
- ❖ ဒေသသုံးအဖြစ် သုံးဘီးဆိုင်ကယ် ထုတ်လုပ်မှုကို သုံးစွဲသူ စိတ်ကြိုက်ဖြစ်အောင် တီထွင်ကြံဆထုတ်လုပ်။

ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ် ဖြေဆိုပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ကာကွယ်ရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် ဒုတိယလေးလပတ် စစ်သည်တော်ကျင့်ဝတ် ဖြေဆိုပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖြေဆိုပွဲ ကျင်းပရာသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ် လှအောင်သိန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ဖြေဆိုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနရုံး ဌာနအသီးသီးမှ အရာရှိအဆင့် ၃၄ဦး၊ အရာခံအဆင့် ၄၁ဦး၊ အကြပ်အဆင့် ၆၉ ဦးနှင့် တပ်သားအဆင့် ၃၁ဦး၊ စုစုပေါင်း ၁၇၅ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆိုင်ကယ်စက်ရုံ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရေနံချောင်းမြို့ရှိ ရွှေနဂါး စက်မှုလက်မှု STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၉-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်၏အားပေးကူညီမှုများနှင့်အညီ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့်နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော ဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို အားပေးကူညီလျက်ရှိသည်။ ယခုအခါ စက်မှုဇုန် ၁၉ ဇုန်အထိ ဖွံ့စည်းဖြစ်ပေါ်လာပြီး ယင်းသို့တည်ထောင်ပြီး စက်မှုဇုန်များအနက် ရန်ကုန်စက်မှုဇုန်၊ မန္တလေးစက်မှုဇုန်၊ တောင်ကြီးအေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့သည် လုပ်ငန်းများ အရှိန်ရလျက်ရှိသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာလ ၁၁ ရက်နေ့က မန္တလေးတိုင်း မန္တလေးစက်မှုဇုန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်မှုလုပ်ငန်းရှင်များအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ **နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှအစွမ်းကုန်ပုဂ္ဂလိက စက်မှုကဏ္ဍတိုးတက်လာအောင် ရုပ်ဝတ္ထုပစ္စည်းအပိုင်းအရရော၊ စိတ်ဓာတ်ရေးရာအပိုင်းအရပါ အားပေးသွားမှာဖြစ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း လမ်းကြောင်းမှန်မှန်ဖြင့် မိမိတို့၏လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးပြီး အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း** မှာကြားသွားသည်။

မန္တလေးစက်မှုဇုန်သည် ဧကတစ်ထောင်ခန့် ကျယ်ဝန်းပြီး လုပ်ငန်းရှင်ပေါင်း ၁၄၀၀ ခန့်တို့ စုစည်းလုပ်ကိုင်လျက်ရှိသည့် စက်မှုဇုန်ကြီးတစ်ခုဖြစ်သည်။ အထူးသဖြင့် မော်တော်ယာဉ်အမျိုးမျိုးနှင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ၊ မော်တော်ယာဉ်စက်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

မန္တလေးစက်မှုဇုန်အတွင်း စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်းတွင် ပါဝင်သည့် သံရည်ကျိုစက်ရုံ၊ သံပုံဖိ၊ သံခုတ်စားစက်ရုံများ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ ကူညီအားပေးမှုဖြင့် သံရည်ကျိုပုံလောင်းခြင်း၊ သံပုံဖိခြင်း၊ အမာတင်ခြင်းစသည့် သံထည်ပစ္စည်း ပုံလောင်းပုံထောင်း ခေတ်မီအလုပ်ရုံများ ထူထောင်လုပ်ကိုင်ခြင်းဖြင့် စက်မှုဇုန်များ၏ အဆင့်အတန်းနှင့် ထုတ်လုပ်မှု အရည်အသွေးများပါ မြင့်မားလာမည်ဖြစ်သည်။

ယခုအခါ မန္တလေးစက်မှုဇုန်တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး သမားရိုးကျ မော်တော်ယာဉ်အင်ဂျင်များကို သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ပြောင်းလဲရာ၌ စက်ပစ္စည်းအစိတ်အပိုင်းအချို့ စမ်းသပ်တီထွင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ နှစ်စဉ်တိုးတက်မှုနှုန်းသည် ၁၉၉၂-၉၃ ခုနှစ်မှစ၍ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း သိရသည်။ နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်းပိုင်းအများစု ပါဝင်လျက်ရှိရာ ပုဂ္ဂလိကစက်မှုလုပ်ငန်း များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ အောင်မြင်ဖြစ်ပေါ်ရေး အလေးထား၍ နိုင်ငံတော်အပိုင်းက ဦးဆောင်အားပေးကူညီလျက်ရှိသည်နှင့်အညီ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်မှုလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက အားသွန်ခွန်စိုက် ဝိုင်းဝန်းဖော်ဆောင်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ဒဗလျူအက်ဖ်ပီဒုတိယညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်သည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms.Sheila Sisulu နှင့်အဖွဲ့အား ယမန်နေ့မွန်းတည့် ၁၂နာရီတွင် ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

(အပေါ်ပုံ)

တွေ့ဆုံရာတွင် ကိုးကန့်ဒေသနှင့် "ဝ"ဒေသတို့၌ ဘိန်းမစိုက်တော့သော တောင်သူများ ရိက္ခာဖူလုံရေးအတွက် ဆန်ထောက်ပံ့ ဖြန့်ဝေမှုကိစ္စရပ်များနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေးနှင့်ယှဉ်တွဲသက်၍ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီးသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဂျပန်နိုင်ငံ Liberal Democratic Party မှ Former Senior Advisor Mr. Tomomitsu Iwakura အား ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ကိုးကန့်ဒေသအတွင်းဆောင်ရွက်လျက်ရှိသော ဘိန်းအစားထိုး ပန်းဂျုံစိုက်ပျိုးရေးစီမံကိန်းနှင့် ဈေးကွက်ရရှိရေးဆိုင်ရာကိစ္စရပ်များအားဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံရာသို့ ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် စက်တင်ဘာ ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စစ်မာရီယာ လူဝစ္စာ ဖာနန်ဒေ့ဇ်အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ် ဖာနန်ဒေ့ဇ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ်(၁/၂၀၀၄) မှ သင်တန်းသား၊ သင်တန်းသူများ ရန်ကုန်မြို့ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သတင်းစာပညာသင်တန်းသားများ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းသား အမှတ်စဉ် (၁/၂၀၀၄) မှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းမှူး ဦးညွှန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများအား ဒုတိယရဲမှူးကြီးဋ္ဌေးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ ဒုတိယရဲမှူးကြီးဋ္ဌေးအောင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ဦးမိုးကျော်က ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ❊ သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- ❊ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ❊ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ❊ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

➪ **မြန်မာနိုင်ငံမှ**

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များသည် ပညာရည်မြင့်မာရေး အထောက်အကူပြု စာသင်ခန်းများဖြစ်သည့် Computer Aided Instruction Room၊ Computer Application Room၊ Electronic Media (Audio System)၊ Printed Media (Reading Corner)၊ Eletronic Media (Video System)၊ Language Lab တို့၌ ဆရာ၊ ဆရာမများ၏ သင်ကြားပို့ချ နေမှုနှင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ သင်ယူလေ့ကျင့်နေမှုတို့ကိုလည်းကောင်း၊ ဘုရားခန်းကိုလည်းကောင်း၊ ရသ ပန်းချီပြခန်းနှင့် အိမ်တွင်းမှု ပြခန်းတို့ကို လည်းကောင်း ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို အဆိုပါကျောင်း သိင်္ဂါရွှေဝါခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသူလေးများ ဖြစ်ကြသည့် မစုမြတ်မွန်နှင့် မရူဘီကျော်ဇောတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ဖျော်ဖြေတင်ဆက်

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက "မြမန်းဂီရိ" တေးသီချင်းကို သီဆိုကပြ၍ လည်းကောင်း၊ "ရတနာပုံ" သီချင်းကို သီဆိုကပြ၍လည်းကောင်း၊ "ရေအိုးကိုယ်စီ" ယိမ်းအက တို့ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လှလှဗိုလ်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ အဆင့်မြင့် ဖွဲ့စည်းထားရှိမှုကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက မာလ်တီမီဒီယာအီလက်ထရောနစ် ပစ္စည်းများ တိုးချဲ့တပ်ဆင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ ကျောင်းအုပ်ဆရာမကြီးထံသို့ သီရိသုခမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း (ကျောက်စိမ်းနဂါးကုမ္ပဏီ)က ငွေကျပ်သိန်း ၇၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေထံ လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၅၂၀၀၀၀၊ လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင်ဒေါ်သာထက် အခြေခံပညာအထက်တန်းကျောင်း) ရွှေရတုမဂ္ဂဇင်းကော်မတီကငွေကျပ်လေးသိန်း၊ ဦးအောင်ဝင်းနိုင် မိသားစုက ငွေကျပ်လေးသိန်း၊ ဦးအင်မင် မိသားစုက ငွေကျပ် လေးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဦးကျော်သူ မိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါ်တင်လှ မိသားစုက ငွေကျပ်နှစ်သိန်း၊ လှိုင်မြို့နယ် (၁၃)ရပ်ကွက်မှ စက္ကူစက်လုပ်ငန်းရှင်များနှင့် ပလတ်စတစ်လုပ်ငန်းရှင်များ၊ ဦးငြိမ်းအောင်F/Bဘက်ထရီရောင်းဝယ်ရေး၊ ဦးမြင့်စိုး(High Point Store)၊ ဒေါ်တင်တင်မြ (မြအထူးကု ဆေးခန်း)၊ ဦးမျိုးဌေး (စိန်မေတ္တာအုန်းဆီစက်) တို့က စုပေါင်း၍ ငွေကျပ် ၁၇၅၀၀၀၊ ဦးသန်းဝင်း မိသားစု၊ ဦးအုန်းကြူ မိသားစု၊ ဦးအောင်ထွန်းလင်း မိသားစု၊ ဦးဆန်းမင်းသိန်း မိသားစု၊ ဦးတင်ထွန်း-ဒေါ်အနှင်း မိသားစု မုဒ္ဒမောင်မောင် (မီးစက်ထုတ်လုပ်ရေးလုပ်ငန်း)၊ ကြက်လျှာစွန်းဒံပေါက်ဆိုင်၊ ရွှေသရဖူဆေးဆိုင် နှင့် ဦးခင်မောင်ထွန်း (ဗဟိုအထည်ချုပ်စက်ရုံ)တို့က ငွေကျပ် တစ်သိန်းစီနှင့် ဒေါက်တာချစ်တင် (သုခဆေးဆိုင်) လှိုင်မြို့နယ်တို့က ငွေကျပ်ငါးသောင်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့က လက်ခံယူကြသည်။

အကျိုးရှိရှိအသုံးချ

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာများဖွံ့ဖြိုးတိုးတက်မှုများ အပြန်အလှန်ဒွန်တွဲဖြစ်ထွန်းနေသည့် မျက်မှောက်ခေတ်အခြေအနေနှင့် ကျောင်းသား၊ ကျောင်းသူများကို အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်း ရတနာများ ပေါ်ပေါက်လာစေရန် ခေတ်မီနည်းပညာပစ္စည်းများ အသုံးပြု၍ သင်ကြားပို့ချရေး၊ ခေတ်မီနည်းပညာရပ်များကို ကျောင်းစာသင်ခန်းများ၌ ထိရောက်စွာ အကျိုးရှိရှိ အသုံးပြုကြရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊အလှူရှင်များ၊ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့သည် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား၊ ကျောင်းသူလေးများက "ဓာတိမာန်" သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးတို့ လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

သီရိသုခမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း (ကျောက်စိမ်းနဂါးကုမ္ပဏီ)က လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှလှဗိုလ်ထံ အလှူငွေကျပ် သိန်း ၇၀ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မိုးစပါးစိုက်ပျိုးဖြစ်ထွန်းမှု လှည့်လည်ကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၁၄

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၁ရက် မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်း၏ လယ်မြေများတွင် မိုးစပါးများ ရေကျနောက်စိုက်အဖြစ် ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် စက်စွမ်းအားဖြင့် စုပေါင်းထွန်ယက်နေမှု၊စစ်သည်များနှင့်မိသားစုဝင်များကစပါးပျိုးပင်များစုပေါင်းသယ်ယူစိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းများတွင် ၂၀၀၉ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ရေတော် မိုးတော် စပါး ၄၃၉ ဒသမ ၉၇ ဧကကို ရှုလိုင်လကုန်တွင် အပြီးစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရန်ကျန်ရှိသည့် ရေကျနောက်စိုက် ၁၆၂ ဒသမ ၇၃ ဧကကို ရေကျပြီး ချိန်မှစ၍ "တစ်ကွက်ပေါ် တစ်ကွက်စိုက်" စနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ စက်တင်ဘာ ၁၁ရက်တွင် မိုးစပါးစုစုပေါင်း ၆၀၂ ဒသမ ၇၀ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

အီရတ် ခုခံတိုက်ခိုက်သူများကို အင်အားအလွန်အကျွံသုံး နှိမ်နင်းမှု အမေရိကန်စစ်ဘက်ကို ရှီးယိုက်ခေါင်းဆောင်တစ်ဦး ဝေဖန်

ဘဂ္ဂဒက်(အီရတ်) စက်တင်ဘာ ၁၃

အမေရိကန်စစ်ဘက်က အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ တယ်လ်အဖာမြို့တွင် ခုခံတိုက်ခိုက်သူများအပေါ် အင်အားအလွန်အကျွံသုံး နှိမ်နင်းမှုကို အီရတ်ရှီးယိုက်ခေါင်းဆောင်တစ်ဦးက ဝေဖန်လိုက်သည်။ အီရတ်နိုင်ငံသားများအား လုံခြုံရေးတာဝန်ပေးခဲ့ပါက အမေရိကန်တပ်ဖွဲ့ဝင်များကြောင့် ဖြစ်ပွားခဲ့သည့် ဘေးဒုက္ခများကို ရှောင်ရှားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အကြီးဆုံးသော အီရတ် ရှီးယိုက်နိုင်ငံရေးပါတီ၏ခေါင်းဆောင် အယ်လ်ဟာကင်သည် အမေရိကန်တပ်ဖွဲ့ဝင်များက တယ်လ်အဖာမြို့အား တိုက်ခိုက်မှုကို ရည်ညွှန်း၍ ပြောကြားခြင်းဖြစ်သည်။ ယင်းဒေသသည် ယခု ရက်သတ္တပတ်အတွင်း တွန်းလှန်တိုက်ခိုက်သူများ၏ ထိန်းချုပ်မှုအောက် ရောက်ခဲ့ရပြီး မသွားရသည့် ဇုန်ဒေသဖြစ်လာခဲ့ကြောင်း အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက ဝန်ခံပြောကြားခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် တွန်းလှန် တိုက်ခိုက်သူများ တယ်လ်အဖာမြို့တွင် ယခု ရက်သတ္တပတ်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် လူ ဒါဇင်ချီ၍ သေဆုံးခဲ့ကြပြီး ယင်းမြို့တွင် ဒေသဆိုင်ရာ အီရတ်လုံခြုံရေးတပ်ဖွဲ့ကိုပင် မောင်းထုတ်ခဲ့သည့် ဒေသဖြစ်ကြောင်း အမေရိကန်များက ပြောကြားသည်။

ပြေပြစ်

အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒေသခံ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ပို၍ ပြေပြေပြစ်ပြစ်ရှိကြောင်း ရှီးယိုက် ဘာသာရေးခေါင်းဆောင် အယ်လ်စစ္စတန်နီနှင့် နီးစပ်သူ အယ်လ်ဟာဘင်က အေပီသတင်းဌာနအား ပြောကြားသည်။

ဆက်ဒမ်အစိုးရ ရာထူးမှ ဖယ်ရှားခံရပြီးသည့်နောက် နောက်တစ်ရက်တွင် တယ်လ်အဖာမြို့တွင် အကြမ်းဖက်အုပ်စုများရှိနေပြီး ၎င်းမှာ အသစ်အဆန်းမဟုတ်ကြောင်း၊ အသစ်အဆန်းတစ်ရပ်မှာ အမေရိကန်၏ စစ်ဘက်ဆိုင်ရာ ထိုးစစ်ဆင်မှုများ ကြီးမားခြင်းသာ ဖြစ်ကြောင်း အီရတ်အစ္စလမ္မစ်တော်လှန်ရေးကောင်စီအား ဦးဆောင်သူတစ်ဦးက ပြောကြားသည်။

အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက လုံခြုံရေးတာဝန်ကို အီရတ်လုံခြုံရေးတပ်ဖွဲ့များအား လွှဲပေးလိုကြောင်း၊ သို့ရာတွင် တာဝန်များ ပိုထမ်းဆောင်ရန်အတွက် အီရတ်ရဲနှင့် စစ်တပ် အနေဖြင့် လေ့ကျင့်မှုသင်တန်းနှင့် ပစ္စည်းပစ္စယများ လိုအပ်နေသေးကြောင်း ပြောကြားကြသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့ လေဆိပ်အသွားတွင် မီးလောင်ပျက်စီးနေသည့် အမေရိကန်စစ်ကားတစ်စီးကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံမြေ အစောင့်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံ ရေနံမြေများကို စောင့်ကြပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုနှစ်ရပ် တနင်္ဂနွေနေ့က သီးခြားစီဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ အရှေ့မြောက်ဘက် ၂၅ မိုင်အကွာ ဒီဘစ် ရေနံမြေကို စောင့်ကြပ်နေသော လုံခြုံရေးဝန်ထမ်းများအား တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် သုံးဦးဒဏ်ရာရရှိကြောင်း ယင်းမြို့ရှိ အမျိုးသားအစောင့်တပ်ဖွဲ့ တပ်မှူးဖြစ်သူ ဗိုလ်ချုပ် မိုဟာမက်အာမင်က ပြောကြားသည်။

ကယ်ကွတ်မြို့၏ အနောက်ဘက် မိုင်၃၀ အကွာရှိ ဂျမ်ဘူရေနံမြေအနီးတွင် ကင်းလှည့်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးကို မော်တော်ကားတစ်စီးပေါ်မှနေ၍ ပစ်ခတ်သွားခဲ့ရာ ၎င်းတို့နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာမင်က ပြောကြားသည်။ တိုက်ခိုက်မှုဖြစ်စဉ်နှစ်ရပ်လုံးတွင် တိုက်ခိုက်သူများ ထွက်ပြေးလွတ်မြောက်သွားကြောင်း ၎င်းက ပြောကြားသည်။ အသေးစိတ် အချက်အလက်များကိုမူ ပြောဆိုခြင်းမရှိပေ။

ရေနံကြွယ်ဝသော ကယ်ကွတ်မြို့ဒေသတွင် လုံခြုံရေးစောင့်ကြပ်နေသော တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ ထပ်တလဲလဲဖြစ်ပွားခဲ့သည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့တွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား ထောက်ခံကြောင်း အင်အားပြနေသည့် အီရတ်လူငယ်များကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် တိုက်ပွဲများကြောင့် အီရတ် ၂၂ ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ပြင်းထန်သည့် ပေါက်ကွဲမှုများ တနင်္ဂနွေနေ့နံနက်အရုဏ်မတက်မီအချိန်က မြည်ဟည်းသွားပြီး ခုခံတိုက်ခိုက်သူများ၏ ခြေကုပ်စခန်းဟု နာမည်ကြီးနေသည့် ဟိုင်ဖာလမ်းမပေါ်တွင် ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံသား ၂၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ပြောက်ကျားများ သိမ်းပိုက်ထားသည့် ဒေသများအား ဇန်နဝါရီ ရွေးကောက်ပွဲမကျင်းပမီ ပြန်လည် ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ အမေရိကန်စစ်ဘက်က ထိုးစစ်သစ်များ တွန်းအားပေး ဆင်နွှဲနေစဉ် ဖော်ပြပါအတိုင်း တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းဖြစ်သည်။

ပြောက်ကျားများက အမေရိကန်နှင့် အခြားသံရုံးများနှင့် အီရတ် ကြားဖြတ်အစိုးရ အဆောက်အအုံများရှိရာ အစိမ်းရောင် ဇုန်အား စိန်ပြောင်းနှင့် ရော့ကက်ဒုံးကျည် တစ်ဒါဇင်ကျော်ဖြင့် ပစ်ခတ်ရာ မီးခိုးလုံးကြီးများ ပေါ်ထွက်ခဲ့သည်။

အချို့သောစိန်ပြောင်း၊ ရော့ကက်ဒုံးကျည်များ အစိမ်းရောင် ဒေသအတွင်း ကျရောက်သော်လည်း လူသေဆုံးမှု မရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက် အနောက်ပိုင်းဒေသ အဆေးပြေး လမ်းမကြီးပေါ်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် အထက်တန်းရဲအရာရှိတစ်ဦး၊ အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် (၁၂)နှစ်သား ယောကျာ်းလေးတစ်ဦးတို့ သေဆုံးခဲ့ကြသည်။ အသေခံ ကားဗုံးခွဲသူတစ်ဦးက အဘူဂါရိပ် ထောင်ဝင်ပေါက်မှ ဇွတ်အတင်းဝင်ရောက်ရန် ကြိုးပမ်းခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းအား ပစ်သတ်ခဲ့ကြကြောင်း စစ်ဘက်က ပြောကြားသည်။

တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများသည် အီရတ်တပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ရေးသမားများအား ဖမ်းဆီးရန် ကြိုးပမ်းသည့် အနေဖြင့် စီးနင်းမှုအကြိမ်ကြိမ် ပြုမှုနှင့် ဆက်စပ်မှုရှိကြောင်း ပြည်ထဲရေးဝန်ကြီး အယ်လ်နာကစ်က သတင်းထောက်များအား ပြောကြားသည်။

သေဆုံး

အမေရိကန် ရဟတ်ယာဉ်များက ဟိုင်ဖာလမ်းမအနီးရှိ ပစ်မှတ်များအား တိုက်ခိုက်ရာ အီရတ် ၁၃ ဦးထက်မနည်း သေဆုံးပြီး ၅၅ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက် အနောက်ပိုင်းဒေသတွင် လက်နက်ကိုင်များက ရဲလှည့်ကင်းအား တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံတွင် မော်တော်ယာဉ်မတော်တဆမှုတစ်ရပ်ကြောင့် ဗြိတိန်နိုင်ငံမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိသျှ ကာကွယ်ရေးဌာနက တနင်္ဂနွေနေ့တွင် အတည်ပြု ပြောကြားသည်။

အီရတ်တွင် မော်တော်ယာဉ် မတော်တဆမှုကြောင့် သေဆုံးခဲ့ရသူမှာ ဗြိတိန်နိုင်ငံ ဝေလပြည်နယ် မြောက်ပိုင်း ဒန်းဘစ်မြို့မှ အသက်(၂၂)နှစ်အရွယ် စတီဖင်ဂျုးစ်ဆိုသူဖြစ်သည်။ ၎င်းသည် အီရတ်နိုင်ငံတွင် အယ်လ်အမ်မရာမြို့တောင်ဘက် ၁၀ မိုင်အကွာတွင် ဖြစ်ပွားသော မော်တော်ယာဉ် မတော်တဆမှုတွင် သေဆုံးသွားကြောင်း ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂျုးစ်သည် အိမ်ထောင်ပြုပြီးနောက် တစ်လအကြာ ပြီးခဲ့သည့် ဧပြီလက အီရတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၎င်းသည် ရက်သတ္တ နှစ်ပတ်ကြာ ခွင့်ခံစားရန် အင်္ဂါနေ့၌ ဌာနေသို့ ပြန်ရန် စီစဉ်ထားစဉ် မော်တော်ယာဉ် မတော်တဆမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ **အင်တာနက်။**

ဘဂ္ဂဒက်တောင်ပိုင်းတွင် လက်ပစ်ဗုံးဖြင့် တိုက်ခိုက် အီရတ်တပ်ဖွဲ့ဝင် သုံးဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် တောင်ပိုင်းဒေသတွင် လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှု ဖြစ်ပွားရာ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင် သုံးဦးထက်မနည်း သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာအပြင်းအထန်ရရှိသွားကြောင်း ပိုလန်စစ်ဘက်က ပြောကြားသည်။

ပူးတွဲကင်းလှည့်

ဘဂ္ဂဒက်တောင်ပိုင်း ကီလိုမီတာ ၁၀၀ အကွာရှိ ဟီလာမြို့အနီးတွင် တနင်္ဂနွေနေ့ နံနက်ပိုင်းက ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်နေစဉ် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ကြေညာချက်တစ်ရပ်အရ သိရသည်။

ဟီလာမြို့သည် ရှီးယိုက်များ လွှမ်းမိုးသည့်မြို့ဖြစ်ပြီး ၎င်းနှင့် ၎င်းအနီးအပါးဒေသများသည် ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များအား မကြာခဏ တွန်းလှန်တိုက်ခိုက်ခဲ့သည့် နေရာဒေသဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရာမာဒီတွင် တိုက်ပွဲဖြစ်ပွား ၁၀ ဦးသေဆုံးပြီး ၄၀ ခန့် ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ တည်ငြိမ်မှုမရှိသော ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးပြီး ၄၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောက်ကျားများက အမေရိကန်စစ်ဘက် အခြေစိုက်သည့် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏နန်းတော်ဟောင်းစခန်းကို စိန်ပြောင်းများဖြင့် ပစ်ခတ်ရာ တနင်္ဂနွေနေ့ အရုဏ်မကျင်းမီအချိန်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုဖြစ်ပွားပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင်များက ဆွန်နီခြေကုပ်စခန်းဖြစ်သည့် ရာမာဒီမြို့သို့ ရွှေ့ပြောင်းကာ စက်မှုဇုန်ဒေသရှိ ခုခံတိုက်ခိုက်ရေးသမားများအား တိုက်ခိုက်ကြသည်။ ယင်းတိုက်ခိုက်မှုအတွင်း အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူ ၁၀ ဦးသေဆုံးပြီး အခြားလူ၄၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးတပ်ဖွဲ့က ပြောကြားသည်။

အမေရိကန် ဦးဆောင်သော အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များက ရာမာဒီမြို့အား ဝိုင်းရံထားပြီး လူအဝင်အထွက် မရှိစေရန် ပိတ်ဆို့ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အာဆီယံစီးပွားရေး အရှိန်မြှင့်တင်ဆောင်ရွက်ရေး ဖိလစ်ပိုင်သမ္မတဟောင်း တိုက်တွန်း

မနီလာ စက်တင်ဘာ ၁၃

အာဆီယံ အဖွဲ့ဝင်လေးနိုင်ငံသည် စီးပွားရေးအရှိန်မြှင့်တင်ကာ ပူးပေါင်းဆောင်ရွက်ရေးကို မြန်ဆန်စွာအကောင်အထည်ဖော်သွားရန် ဖီဒယ် ရာမို့စ်က တိုက်တွန်းပြောကြားသည်ဟု မနီလာဘူလက်တင် နေ့စဉ်သတင်းစာက ရေးသားဖော်ပြလိုက်သည်။ ရာမို့စ်သည် ဖိလစ်ပိုင်နိုင်ငံ၏သမ္မတဟောင်းဖြစ်သည်။ ထိုသို့ စီးပွားရေးအရှိန်မြှင့်တင်ဆောင်ရွက်ခြင်းသည် အာဆီယံအဖွဲ့၏ ရေရှည်ရည်မှန်းချက်ဖြစ်သော လွတ်လပ်စွာကုန်သွယ်ရေးဒေသ ထူထောင်ရေးဦးတည်ချက်နှင့်အညီ ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်းသိရသည်။

မလေးရှားနိုင်ငံ ဆာဘားဒေသတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်မှအပြန်တွင် ရာမို့စ်က အထက်ပါ မှတ်ချက်စကားကို ပြောကြားခဲ့ခြင်းဖြစ်သည်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခံရသော အာဆီယံလေးနိုင်ငံမှာ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများ ဖြစ်သည်။ အတိုကောက်အားဖြင့် ထိုလေးနိုင်ငံကို ဘီအိုင်အမ်ပီဟု ဆိုသည်။ ထိုနိုင်ငံတို့သည် အာဆီယံနိုင်ငံများ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသ ထူထောင်ရေး ဆောင်ရွက်ကြရာ၌ အစပျိုးပေးသော နိုင်ငံများအဖြစ် ပါဝင်လုပ်ဆောင်ကြကြောင်း ရာမို့စ်က ဆိုသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အရေးပါသော စီးပွားရေးနယ်ပယ်များတွင် ညှိနှိုင်းမှုများ စံသတ်မှတ်မှုများ တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ထိုနယ်ပယ်များတွင် လေကြောင်းသွားလာမှုလုပ်ငန်း၊ ရေကြောင်းသွားလာမှုလုပ်ငန်း၊ ကုန်ကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အကောက်ခွန်လုပ်ငန်း၊ ကျန်းမာရေးအရ နိုင်ငံအတွင်း ဝင်ရောက်လာသည်များကို သီးသန့်ခွဲခြားထားရှိရေး စည်းကမ်း၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းနှင့် ဘောအန္တရာယ် လုံခြုံကင်းရှင်းရေးဇုန်များ သတ်မှတ်ရေး စသည့် နယ်ပယ်များ ပါဝင်သည်။

အထက်ပါ နယ်ပယ်များတွင် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းအားဖြင့် ဘီအိုင်အမ်ပီနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုနိုင်လိမ့်မည်ဟု ဆိုသည်။ ဘီအိုင်အမ်ပီ-အရှေ့အာဆီယံ ဖွံ့ဖြိုးရေးဒေသ အစီအစဉ်တစ်ရပ် ထူထောင်ရေးလုပ်ငန်းကို ၁၉၉၂ ခုနှစ်တွင် ရာမို့စ်က ဖွဲ့ဆော်ဦး ကမကထပြု လှုံ့ဆော်စည်းရုံးခဲ့သူဖြစ်သည်။

ထိုနိုင်ငံများသည် သဘာဝသယံဇာတပစ္စည်းကြွယ်ဝမှု၊ ကမ္ဘာ့အကြီးဆုံးဈေးကွက်ကြီးနှင့် နီးကပ်စွာတည်ရှိနေမှု စသည့် အားသာချက်များရှိနေသည်။ ထို့အပြင် ကျွမ်းကျင်လုပ်ငန်းလုပ်သား အများအပြားနှင့် ပညာရှင်များလည်း ထိုလေးနိုင်ငံတို့၌ရှိနေကြောင်းလည်း ရာမို့စ်က ဆိုသည်။

ယခုနှစ် ဆာဘားအပြည်ပြည်ဆိုင်ရာ စီးပွားရေး ကွန်ဖရင့်အစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံ ၂၄ နိုင်ငံတို့မှ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၃၅၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးအပြီးတွင် နှစ်နှစ်တစ်ကြိမ်ကျင်းပမည့် ကုန်သွယ်ရေးပြပွဲကိုလည်း ဆက်လက် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒေသဆိုင်ရာခရီးသွားလုပ်ငန်း တရုတ်၌ တိုးမြှင့်ဆောင်ရွက်မည်

ချန်ဒူး စက်တင်ဘာ ၁၃

အနောက်တရုတ် နိုင်ငံတကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဖိုရမ် အစည်းအဝေးသို့ တက်ရောက်နေသည့် ကိုယ်စားလှယ်များက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချမှတ်ကြသည်။

တရုတ်ပြည်အနောက်ပိုင်းဒေသသည် နိုင်ငံ၏ ၇၁ ရာခိုင်နှုန်း အကျယ်အဝန်းရှိပြီး လူဦးရေသန်း ၄၀၀ ခန့်နေထိုင်ရာဖြစ်ကာ တရုတ်ပြည်၏ ဘူမိနက်သန်ဟု ခေါ်တွင်ရမည့်ဒေသဖြစ်သည်။ ယင်းဒေသ၏ အံ့မခန်းမြင်ကွင်း၊ တုနှိုင်းမမီသည့် ယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် သဘာဝနှင့် သမိုင်းဆိုင်ရာ အဆောက်အအုံများကြောင့် ဂုဏ်သိက္ခာမြင့်မားမှုရှိသည်။

အလျင်အမြန်

တရုတ်ပြည်က ယင်းဒေသဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာစီမံချက် ချမှတ်ဖော်ဆောင်ပြီးခဲ့သည့်နောက် ခရီးသွားလုပ်ငန်း အလျင်အမြန် တိုးတက်ခဲ့သည်။ ခရီးသွားလုပ်ငန်းမှ ရရှိငွေသည် ယွမ် ၁၆၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ခန့်) ရှိခဲ့သည်။

ဦးတည်

ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးသည် ကမ္ဘာလုံးဆိုင်ရာ မူဝါဒတစ်ရပ်ဖြစ်နေပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအပေါ် အခြေစိုက်ကာ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စေရန် ဦးတည်နေကြောင်း တရုတ်ပါမောက္ခ ဝမ်ကျင်ဘင်က ပြောကြားသည်။

သဘောတူညီ

ခရီးသွား ပူးပေါင်းဆောင်ရွက်ရေးသည် အနောက်ပိုင်း တရုတ်ဒေသအချို့တွင် ဖြစ်ထွန်းသည်။ ဇီချွမ်၊ ယူနန်နှင့် တိဘက်ဒေသတို့သည် ရှန်ဂရီလာ ခရီးသွားလာရေးဇုန်ဒေသ တည်ဆောက်ရန် သဘောတူညီမှုတစ်ရပ် မေလအတွင်းကရရှိခဲ့သည်။ တိဘက်၊ ကင်ရိုင်းနှင့် ဒန်တောင်းဒေသတို့က တရုတ် တိဘက်ကုန်းမြင့်ဒေသ ခရီးသွားစီမံကိန်းဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်နေကြောင်း ကြေညာခဲ့သည်။

လက်တွဲဆောင်ရွက်

တရုတ်ပြည်အနောက်ပိုင်းဒေသ ခရီးသွားလာမှု အပြန်အလှန်ဖလှယ်ရေး တိုးမြှင့်မှု ဆွေးနွေးပွဲများကျင်းပရေး၊ ပွင့်လင်းပြီး အကျိုးပြုသည့် ခရီးသွားလုပ်ငန်းအခြေအနေတစ်ရပ် ဖန်တီးထူထောင်ရေးနှင့် လူအများအား ဆွဲဆောင်နိုင်သည့် ခရီးစဉ်များမြှင့်တင်ရေးအတွက် လက်တွဲဆောင်ရွက်ကြပါရန် လူပင်းက တိုက်တွန်းပြောကြားသည်။ လူပင်းသည် တရုတ်ကွန်မြူနစ်ပါတီ ဗိုလ်ချုပ်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟောင်ကောင်လေဆိပ်တွင် ခရီးသည်ဝင်ရောက်မှု စံချိန်တင်

ဟောင်ကောင် စက်တင်ဘာ ၁၃

ပြီးခဲ့သော ဩဂုတ်လအတွင်းက ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာသော ခရီးသည် အရေအတွက်သည် စံချိန်တင်နိုင်သည်အထိ များပြားခဲ့ကြောင်း လေဆိပ်အာဏာပိုင်များက ယမန်နေ့က ပြောကြားခဲ့သည်။ ထိုလက အသုံးပြုခဲ့သော ခရီးစဉ် စုစုပေါင်းမှာ ၃၅၀၉၀၀၀ ဦးအထိ ရှိသည်။

ထိုခရီးသည် အရေအတွက်သည် ယမန်နှစ် ဩဂုတ်လက ရောက်ရှိလာသော ခရီးသည်ဦးရေထက် ၁၆ဒသမ၃ ရာခိုင်နှုန်း ပိုမိုများပြားခဲ့သည်။ ပြီးခဲ့သော ၁၂လတာကာလအတွင်း ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အသုံးပြုခဲ့သော ခရီးသည်စုစုပေါင်းမှာ ၃၅ဒသမ၅သန်းရှိခဲ့သည်။

ထိုပမာဏသည် ယခင်နှစ်တစ်နှစ်လုံးရှိခဲ့သော စာရင်းနှင့် နှိုင်းယှဉ်လျှင် ခရီးသည် ၃၀ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း သိရသည်။

ယခုနှစ် ဩဂုတ်လတွင် ဟောင်ကောင်လေဆိပ်မှ ကုန်စည်ပို့ဆောင်မှုပမာဏမှာလည်း တန်ချိန်ပေါင်း ၂၅၇၀၀၀ ရှိခဲ့ရာ ယမန်နှစ် အလားတူအချိန်ကထက် ကုန်စည်ဝန်ဆောင်မှုအပိုင်းတွင် ၁၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရသည်ဟု ဆိုသည်။ လွန်ခဲ့သော ၁၂လတာကာလအတွင်း လေဆိပ်မှ ကုန်စည်ပို့ဆောင်မှုအခြေအနေမှာ တန်ချိန်စုစုပေါင်း ၂၉၆၃၀၀၀ ရှိခဲ့သည်ဖြစ်၍ ယခင်နှစ်က ပို့ဆောင်မှုထက် ၁၅ဒသမ၅ရာခိုင်နှုန်း ပိုမိုများပြားသည်ကို တွေ့ရကြောင်း သိရသည်။

ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြောက်အမေရိကဒေသ၊ ဥရောပနှင့်တရုတ် ပြည်မဈေးကွက်များသို့ လေကြောင်းမှ တင်ပို့ပေးရသော ကုန်စည်ဝန်ချိန် စုစုပေါင်းမှာ တန် ၁၆၄၀၀၀ရှိသည်။ ထိုပမာဏသည် ယခင်ကာလများကထက် ၂၂ ဒသမ၃ရာခိုင်နှုန်း ပိုမိုလာသည်ကို ဖော်ပြသည်။

ပြီးခဲ့သော ဩဂုတ်လအတွင်း ဟောင်ကောင်လေဆိပ်တွင် လေယာဉ်အတက်အဆင်း ခေါက်ရေပေါင်း ၂၀၅၆၀ အသုံးပြုခဲ့သည်ဖြစ်ရာ ယခင်ကာလကထက် ၂၁ဒသမ၅ ရာခိုင်နှုန်း ပိုမိုများပြားလာသည်။

၁၂လတာကာလအတွင်း ခေါက်ရေပေါင်း ၂၂၈၃၃၀ အသုံးပြုခဲ့ရာ ယခင်တစ်နှစ်တာကာလကထက် ၂၂ဒသမ၃ ရာခိုင်နှုန်း တိုးတက်သုံးစွဲခဲ့ခြင်းပင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာဈေးကွက်တွင် တရုတ်တိုင်းရင်းဆေးဝါး ထိုးဖောက်လာမည်

ပေကျင်း စက်တင်ဘာ ၁၃

တရုတ်ရိုးရာ ကုထုံးများနှင့် တိုင်းရင်းဆေးဝါးများသည် ရောဂါဘယအတော်များများကို ပျောက်ကင်းစေနိုင်စွမ်းရှိသဖြင့် နိုင်ငံတကာ ဆေးဝါးဈေးကွက်တွင် တရုတ်ရိုးရာတိုင်းရင်းဆေးဝါးများ၏ အခန်းကဏ္ဍတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း တရုတ်နှင့် နိုင်ငံခြားကျွမ်းကျင်သူပညာရှင်များက မြို့တော်ပေကျင်း၌ စနေနေ့က ကျင်းပသော နီးနှောဖလှယ်ပွဲတစ်ရပ်တွင် ပြောကြားကြသည်။

လွန်ခဲ့သည့်နှစ်က ကူးစက်မြန်ပြင်းထန် နမိုးနီးယားရောဂါ (ဆားစ်) ကူးစက်ပြန့်ပွားမှုများရှိခဲ့ရာတွင် တရုတ်ရိုးရာ ဆေးဝါးဖြင့် အောင်မြင်စွာ ကုသပေးနိုင်သည်ကို တွေ့ရှိရကြောင်း နိုင်ငံတော် တိုင်းရင်းဆေး စီမံခန့်ခွဲရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးဟောင်း ပါမောက္ခ တီယန်ဂျင်ဖူက ပြောကြားသည်။ မျက်မှောက်ကာလတွင် တရုတ်ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကုသပေးနိုင်မည့် နည်းလမ်းများကို လေ့လာလျက်ရှိကြကြောင်း ၎င်းက ပြောကြားသည်။

စီမံဆောင်ရွက်

တရုတ်ပြည်သည် ရိုးရာ တိုင်းရင်းဆေးဝါးများ အစွမ်းထက်မြက်ပုံကို နိုင်ငံတကာက သိရှိနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ တရုတ်ရိုးရာ တိုင်းရင်းဆေးဝါးများ နိုင်ငံတကာဈေးကွက်၌ ထိုးဖောက်နိုင်စေရန် စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များတွင် ယခုနှစ်မှစ၍ တရုတ်တိုင်းရင်းဆေးဗေဒကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပို့ချပေးရန် ညွှန်ကြားထားကြောင်း ဂျပန်အိုကာယာမတက္ကသိုလ်မှ ပညာရှင်များက ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကွန်ပျူတာသုံးမောက်စ်

စက်တင်ဘာ ၁၃ ရက်က မိုက်ခရိုဆော့ဖ်ကုမ္ပဏီမှ ထုတ်လုပ်သည့် ကွန်ပျူတာသုံး ပစ္စည်းများပြပွဲကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပရာ မောက်စ်များကို အိန္ဒိယအမျိုးသမီး ကိုယ်ဟန်ပြမယ်များက ကိုင်ဆောင်ပြသနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကိုလံဘတ်မြို့တွင် မီးလောင်၊ လူရှစ်ဦးသေဆုံး

ဝါရှင်တန် စက်တင်ဘာ ၁၃

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် မြောက်အလယ်ပိုင်းအရပ်၏ မြို့တော်ကိုလံဘတ်တွင် ရှို့မီးဟုယူဆရသော မီးလောင်မှုတစ်ရပ် ယမန်နေ့က ဖြစ်ပွားသည်။ ထိုမီးလောင်မှုကြောင့် လူပေါင်းရှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

သေဆုံးသူအားလုံးသည် မီးလောင်ခံရသော အဆောက်အအုံ၏ တတိယအထပ်တွင် နေထိုင်သူများဖြစ်ကြသည်။ ထိုအဆောက်အအုံသည် ကိုလံဘတ်မြို့အပြင်တွင် တည်ရှိသည်။ မီးမှာ နံနက် ၂နာရီ ၃၀ မိနစ်ခန့်တွင် စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ခံရသူများသည် ထိုဘေးမှလွတ်မြောက်ရန် ကြိုးပမ်းခဲ့ကြကြောင်း မီးသတ်သမားများက ပြောကြားကြသည်ဟု သတင်းများက ဖော်ပြသည်။

မီးမှာ အဆောက်အအုံ၏ မြေအောက်ခန်း သို့မဟုတ် ပထမထပ်တွင် စတင်ခဲ့ပြီး တတိယထပ်နှင့် ခေါင်မိုးဆီသို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့သွားသည်။ ယခုမီးလောင်မှုမှာ သံသယဖြစ်ဖွယ်ရာရှိသော အမှုအခင်းဖြစ်ပြီး မီးလောင်ရသည့်အကြောင်းအရင်းကို မသိရသေးဟုဆိုသည်။

အမျိုးသမီးတစ်ဦးအပါအဝင် လူနှစ်ဦးတို့မှာ မီးလောင်စဉ်က အဆောက်အအုံ ပြတင်းပေါက်မှ ခုန်ချခဲ့ကြသည်။ ယခုအခါ ထိုသူနှစ်ဦးမှာ ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြသည်။ သတင်းအမျိုးမျိုး ထွက်ပေါ်နေသောကြောင့် ထိုအဆောက်အအုံတွင် နေထိုင်သူ မည်မျှပျောက်ဆုံးနေသည်ကို အတိအကျမသိရသေးဘဲဖြစ်နေကြောင်း သတင်းများကဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ နယ်စပ်ဒေသမှာ

မြင့်စိုး (နတလ)

[၁၉၈၉ ခုနှစ်မှ ယနေ့အချိန်ထိ နယ်စပ်ဒေသအသီးသီး၌ ဆေးရုံ ၅၄ ရုံ၊ ဆေးပေးခန်း ၈၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၃၃ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၆ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။]

၁၉၈၉ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ရည်သန်လျက် ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးဖြစ်သည်။

ထိုအစည်းအဝေးမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် မူဝါဒများချမှတ်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများ၊ အခြေခံစားကုန်များ သယ်ယူဖြန့်ဖြူးပေးရေးကိစ္စရပ်များ အပေါ် ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ်လမ်းညွှန်မှာကြားခဲ့သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆပ်ကော်မတီ ကိုးခုဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းဆပ်ကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ (ယခုအခါ သီးခြားဆပ်ကော်မတီ တစ်ခုစီ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည်။) ထိုနေ့၌ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ **"လူတိုင်းအသက်ရှည်ရှည် နေချင်ကြပါကြောင်း၊ ၎င်းတို့အတွက် မိမိတို့က ဆေးဝါးပစ္စည်း အထောက်အပံ့များနှင့် ဆေးရုံများတည်ဆောက်ပေးရန် လိုအပ်ကြောင်း"** လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

အစောဆုံးဖွင့်လှစ်ခဲ့သည့် ဆေးရုံ/ဆေးခန်းများ

ယင်းလမ်းညွှန်ချက်နှင့်အညီ ၁၉၈၉ ခုနှစ်အတွင်းမှာပင် ကိုးကန့်ဒေသ၌ လောက်ကိုင်ဆေးရုံ၊ ချင်းရွှေဟော်ဆေးရုံ၊ ဆီအောဆေးခန်း၊ ပါစင်ကျော်ဆေးခန်း၊ တာရွှေထန်ဆေးပေးခန်းတို့ကိုလည်းကောင်း၊ 'ဝ'ဒေသ၌ မိုင်းမောဆေးရုံနှင့် နမ့်တစ်ဆေးပေးခန်း တို့ကိုလည်းကောင်း၊ ကျိုင်းတုံအရှေ့ဒေသ၌ မိုင်းလားဆေးရုံ၊ မိုင်းယု ဆေးရုံ၊ ဆီလူးဆေးပေးခန်း၊ မိုင်းမဆေးပေးခန်း၊ မိုင်းဟဲဆေးပေးခန်း၊ ကျိုင်းခမ်(မိုင်းဝ)ဆေးပေးခန်းနှင့် မိုင်းခ ကျေးလက်ကျန်းမာရေးဌာနတို့ကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။

ဆေးရုံ/ဆေးပေးခန်းများ တိုးမြှင့်ဖွင့်လှစ်

၁၉၈၉ ခုနှစ်အတွင်း ဆေးရုံငါးရုံ၊ ဆေးပေးခန်း ကိုးခုဖြင့် စတင်ခဲ့သော နယ်စပ်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုထိရောက်စွာ ကာကွယ်ကုသပေးနိုင်ရေး အတွက် ဆေးရုံ/ဆေးပေးခန်းများတိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့အချိန်တွင် ဆေးရုံ ၅၄ ရုံ၊ ဆေးပေးခန်း ၈၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၃၃ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၆ ခု ဖွင့်လှစ်ပေးပြီး ဖြစ်သည်။ ဒေသအလိုက် ဖွင့်လှစ်ပေးပြီးဖြစ်သော ဆေးရုံတည်နေရာများမှာ အောက်ပါအတိုင်းဖြစ်သည်–

ကချင်အထူးဒေသ(၁)	။	နဖွန်ဆော်၊ ချီဖွေ၊ ဆော့လော်
ကချင်အထူးဒေသ(၂)	။	ခေါင်လန်ဖူး၊ နောင်မွန်း
ကိုးကန့်ဒေသ	။	ချင်းရွှေဟော်၊ လောက်ကိုင်၊ ကုန်းကြမ်း၊ မုံးကိုး
"ဝ"ဒေသ	။	မိုင်းမော၊ ပန်ဝိုင်၊ ဝိန်းကောင်၊ ပန်ဆန်း၊ ပန်လုံ၊ နမ့်တစ်
ရှမ်းဒေသ	။	ဆင်ကျော့၊ ပုံဝိုး
ပလောင်ဒေသ	။	နမ့်ဆန်၊ မန်တုံ၊ နမ့်ခမ်း၊ ပြင်လုံ(မုံးဝီး)
ကချင်အရှေ့မြောက်ဒေသ	။	ကောင်းခါး
ကျိုင်းတုံအရှေ့ဒေသ	။	မိုင်းလား၊ မိုင်းကိုင်၊ မိုင်းခွန်၊ ဝမ်ပုံ၊ ကျိုင်းလတ်၊ မိုင်းယု၊ ပုံပါကျင်၊မိုင်းပေါက်၊ရောင်ခ
ဟိုမိန်းဒေသ	။	ဟိုမိန်း
မော်ဖဒေသ	။	မက်မန်း၊ ဆွတ်ဝိုး
ပအိုဝ်းဒေသ	။	ကျောက်တလုံး၊ ပချားကလို့၊ ကျောက်တန်း
ကယားဒေသ	။	ဟိုယာ၊ ဒေါတမကြီး၊ ဆီဘူး၊ ခရက်ဒုံ၊ ပီကင်း(လွယ်ယင်း)
မွန်ဒေသ	။	ခေါဇာ
ကရင်ဒေသ	။	မြိုင်ကြီးငူ၊ ကျိုက်ဒုံ
ရခိုင်ဒေသ	။	ကြိမ်ချောင်း၊ အလယ်သံကျော်၊ အောင်သပြေ၊ တောင်ဘဇာ
ချင်းဒေသ	။	လွိုင်တွီး၊ လုံလဲရ်၊ ကျီးခါး
ကဘော်ချိုင့်ဝှမ်းဒေသ	။	မင်းသာ
နာဂဒေသ	။	နန်းယွန်း

အဆိုပါ ဆေးရုံများအနက် နမ့်ခမ်းဆေးရုံသည် ခုတင်(၁၀၀)ဆေးရုံ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားဆေးရုံများသည် ခုတင်(၅၀)၊ ကျန်ဆေးရုံများမှာ (၂၅)ခုတင်၊ (၁၆) ခုတင်ဆံ့ ဆေးရုံများဖြစ်ကြသည်။ နယ်စပ်ဒေသ အသီးသီးတွင် ထိုကဲ့သို့ဆေးရုံ၊ ဆေးပေးခန်းများအစီအရီ ဖွင့်လှစ်ပေးပြီးဖြစ်လင့်ကစား တိုင်းရင်းသားသွေးချင်းများပေါ် ပြဋ္ဌာန်းထားသည့် နိုင်ငံတော်အစိုးရ၏ စေတနာသည် ဤမျှလောက်ဖြင့် ရပ်တန့်မနေ။

နိုင်ငံတော်အစိုးရ၏ စေတနာ

၂၀၀၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲကအောက်ပါအတိုင်းလမ်းညွှန်ခဲ့သည်–

"တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများကို ဒေသ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြည့်ဆည်းတည်ဆောက်ပေးသွားရန်"

နယ်စပ်ဒေသများတွင် လူမှုစီးပွားမြင့်မားတိုးတက်လာသဖြင့် အချို့ကျေးရွာများသည် အတွင်းပိုင်းမြို့ကြီးများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်။ မြို့ငယ်များက မြို့ကြီးများဖြစ်လာကြသည်။ မြို့ပြအင်္ဂါရပ်များနှင့်ပို၍

ကိုးကန့်ဒေသ ချင်းရွှေဟော်ပြည်သူ့ဆေးရုံ။

ညီညွတ်မှုတလာခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနသည် ၎င်းနေရာဒေသများတွင် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ တိုက်နယ်ဆေးရုံရှိပြီးဖြစ်လျှင်လည်း စံကိုက်ဖွဲ့စည်းပုံရရှိရေး၊ စံချိန်စံညွှန်းကိုက်ညီအောင် ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။ မူလဆေးရုံရှိပြီး နယ်စပ်မြို့များကိုချန်လှပ်၍ ပြည်နယ်နှင့်တိုင်း အသီးသီး၌ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သော နယ်စပ်မြို့များကို အောက်ပါအတိုင်းတွေ့ရပေမည်–

ကချင်ပြည်နယ်	။	လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ ဟိုပင်၊ ကာမိုင်း၊ ပန်နန်းဒင်၊ ဆင်ဘို
ကယားပြည်နယ်	။	ရွာသစ်
ကရင်ပြည်နယ်	။	သံတောင်ကြီး၊ ဘုရားသုံးဆူ၊ ကမမောင်း၊ ပိုင်ကျုံ
ချင်းပြည်နယ်	။	ရေဇွာ၊ ရိဒ်
စစ်ကိုင်းတိုင်း	။	ပန်ဆောင်၊ ခမ်းပတ်၊ မြို့သစ်
တနင်္သာရီတိုင်း	။	ပြည်ကြီးမဏ္ဍိုင်၊ ခမောက်ကြီး၊ ပလောက်၊ ကလိန်အောင်
မွန်ပြည်နယ်	။	လမိုင်း
ရခိုင်ပြည်နယ်	။	တောင်ပြိုလက်ဝဲ
ရှမ်းပြည်နယ်(မြောက်ပိုင်း)	။	မန်ဟီးရိုး၊ တာမိုးညဲ
ရှမ်းပြည်နယ်(အရှေ့ပိုင်း)	။	တာလေ၊ တုံတာ၊ မိုင်းခုတ်
ရှမ်းပြည်နယ်(တောင်ပိုင်း)	။	ကျိုင်းတောင်း(တုံဟုံ)၊ ပင်လုံ၊ မိုင်းနောင်၊ နောင်တရား၊ အင်တော

နယ်စပ်ဒေသနေ တိုင်းရင်းသားသွေးချင်းများ အနေဖြင့် မိမိတို့ဒေသအတွင်းရှိ ဆေးရုံ/ဆေးခန်းများ၌ အချိန်မရွေး တက်ရောက်ကုသနိုင်သကဲ့သို့ ဖွံ့ဖြိုးရေး အထူးဒေသကြီးများရှိ ခုတင် ၂၀၀ ဆံ့အထူးကုဆေးရုံကြီး များတွင်လည်း လွယ်လင့်တကူ တက်ရောက်ကုသနိုင်ပြီဖြစ်ပေသည်။ အမျိုးသားကျန်းမာရေး ကော်မတီအနေဖြင့်လည်း "ကျန်းမာရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရာမှာကျေးလက်ဒေသများတွင်သာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်"ဟူသော အမျိုးသားကျန်းမာရေးမူဝါဒ တစ်ရပ်ကို ချမှတ်လမ်းညွှန်ထားပြီးဖြစ်သည်။

ရောဂါကြိုတင်ကာကွယ်ရေး

နယ်စပ်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကုသမှုကိုထိရောက်စွာ ဆောင်ရွက်ပေးရန် အပြင် ဖြစ်ပွားတတ်သည့် ရောဂါများအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများကိုပါ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ကလေးသူငယ်များကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုအခြေခံ၍ ကျေးရွာများအရောက် ကွင်းဆင်းကုသခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ၊ သားဆက်ခြားရေးစီမံချက်ပါလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများပါမကျန် ပညာပေးဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများထဲ၌ မူးယစ်ဆေးစွဲလူနာကုသရေးလုပ်ငန်းများလည်း ပါဝင်သည်။ သတ်မှတ်အရည်အချင်းပြည့်မီသော ဒေသခံတိုင်းရင်းသူကလေးများအား သူနာပြုဒီပလိုမာသုံးနှစ်သင်တန်း၊ သားဖွား ၁၈ လ သင်တန်းများ တက်ရောက်စေ၍ မိမိတို့ဒေသအလိုက် ပြန်လည်ခန့်အပ်တာဝန်ထမ်းဆောင်စေခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများ၏ စေတနာ

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်သည့် အစောပိုင်းနှစ်များ၌ ယာယီအဆောက်အအုံများတွင် ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံဟုဆိုသော်လည်း သက်ကယ်မိုးဝါးတဲကလေးများ၊ ကြယ်မြင်လမြင်အမိုးနှင့် ရွှံ့သရိုးကိုင်၍ မံထားသော အိမ်ပုပုကလေးများသာဖြစ်သည်။ ဝေးလံ၍ သွားလာရေးခက်ခဲသော နေရာဒေသများသို့ သူနာပြုဆရာမများ စေလွှတ်နိုင်ခြင်းမရှိသေး။ တာဝန်ခံဆရာဝန်နှင့် သူနာပြု ဆေးစပ်ဆရာတစ်ဦး လောက်သာရှိသည်။

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပေါက်ပြည်သူ့ဆေးရုံအား ကြည့်ရှုစစ်ဆေးစဉ်။

ထိုကဲ့သို့သောနေရာမျိုးတွင် ဆရာဝန်သည်တစ်ခါတစ်ရံ သူနာပြု၊ တစ်ခါတစ်ရံ သန့်ရှင်းရေး လုပ်သားဘဝသို့ အလိုလိုရောက်သွားတော့သည်။ ဆေးထိုးဆေးတိုက်လည်းသူ၊ အဖျားတိုင်း ရေပတ်တိုက်တော့လည်း သူပဲဖြစ်သည်။ အစာပိုက်သွင်းပေးရ၊ ဝမ်းချုပေးရတာတွေလည်းရှိသေးသည်။ မွေးလူနာကြည့်ရသည်မှာလည်း မထူးဆန်းတော့။ လူနာမှတ်တမ်း၊ လချုပ်အစီအရင်ခံစာ၊ နေ့စဉ်ဆေးဝါးအသုံးစာရင်းကအစ သူပဲရေးဆွဲရသည်။ ဒါတွင်မက မိုးယိုလျှင် အမိုးတက်ဖာရသေး၏။

ဘာသာစကား မပေါက်၍ တောင်မေးမြောက်ဖြေဆိုတာတွေနှင့်လည်းကြုံရသည်။ လူနာကို ဆရာဝန်ကပဲ ထမင်းချက်ကျွေးလိုက်ပါဟု မှာကြားကာ စိတ်ချလက်ချ ရွာပြန်သွားသော လူနာရှင်များနှင့်လည်း ဆုံရသည်။ တစ်နည်းဆိုရသော် ထိုအချိန်က သွားလာရေးခက်ခဲခြင်း၊ အနေအစားဆင်းရဲခြင်း၊ ဘာသာစကား အခက်အခဲဖြစ်ခြင်းတို့နှင့် ဆရာဝန်၊ သူနာပြုများ မလွဲမသွေကြုံကြရသည်။

သို့တစေ **နှစ်ပေါင်းများစွာ ကျန်းမာရေးစောင့်ရှောက်မှု ကင်းဝေးခဲ့ကြသည့် တိုင်းရင်းသားများ၏ ပကတိ အခြေအနေနှင့် ဖြူစင်ရိုးသားသော စိတ်ရင်းစိတ်ထားတို့ကို တွေ့မြင်ကြရသောအခါ မိမိတို့ တွေ့ကြုံခံစားရသည့် ဒုက္ခ သုတ်ခများအားလုံး မေ့ပျောက်ကုန်ကြသည်။ ထက်သန်သောစေတနာနှင့် ကြည့်ရှုကုသ စောင့်ရှောက်ခဲ့ကြသည်။** ထိုသို့ တာဝန်ထမ်းဆောင်ရင်း မိမိတို့ကိုယ်တိုင် ရောဂါဝေဒနာတစ်ခုခု ခံစားဖြစ်ပေါ်၍ အသက်ဆုံးပါးသွားရသည့် ဆရာဝန်၊ သူနာပြုများလည်း ရှိခဲ့သည်။ ဝိန်းကောင်ဆေးရုံမှ ဒေါက်တာသန်းအောင်၊ ဆွတ်ဝိုးဆေးရုံမှ ဒေါက်တာတင်ထွဋ်ဝင်း၊ ပန်ဆန်းဆေးရုံမှ ဒေါက်တာအေးကိုနှင့် ဒေါက်တာဝင်းလှိုင်၊ မိုင်းမောဆေးရုံမှ ဒေါက်တာမျိုးမင်း၊ ဆဒုံးဆေးရုံမှ ဒေါက်တာကျော်ကျော်အောင်၊ နမ့်ခမ်းဆေးရုံမှ ဒေါက်တာ ညီညီတင် စသည်တို့ အပါအဝင်ဖြစ်သည်။

အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ နယ်စပ်ဒေသမှာ

နယ်မြေအေးချမ်းမှုမရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့သည် တစ်ချိန်က နယ်စပ်ဒေသများ၏ ကျန်းမာရေးကဏ္ဍ များစွာထိခိုက်ဆိုးရွားစေခဲ့သော အကြောင်းရင်းများ ဖြစ်ခဲ့ကြသည်။ ထိုသောအခါ နယ်စပ်ဒေသနေ တိုင်းရင်းသားများသည် ဆေးမြီးတိုဖြင့် ကုသခြင်းနည်းလမ်းများကို အားထားခြင်း၊ ဘိန်းကို ဇ၆ ပါးရောဂါပျောက်ဆေးသဖွယ် မှီဝဲစားသုံးကြခြင်း စသည့် မကောင်းသော အကျိုးဆက်များနှင့်အတူ နှစ်ပေါင်းများစွာ သံသရာ လည်ခဲ့ရသည်။

ယနေ့ အချိန်အခါတွင်မူ နယ်စပ်ဒေသများ ဘယ်ခေတ်ဘယ်အခါမျှနှင့်မတူ တည်ငြိမ်အေးချမ်းခဲ့ပြီ။ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီ။ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု၏ စီမံကိန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကလည်း နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး၌ အမျိုးသား ကျန်းမာရေးကဏ္ဍကို မြင့်မားတိုးတက်စေခဲ့သည်။ ဤအကြောင်းတရားများကြောင့် ယနေ့နယ်စပ်ဒေသများ၏ အခြေအနေများကို ကျွန်တော် ဤသို့ ညွှန်းဆိုလိုပါသည်–

"အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ နယ်စပ်ဒေသမှာ"

သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်အကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံတွင် နေ့စဉ်ခရီးသွားဦးရေ ၇ဒသမ၄သန်း နှင့် ကုန်စည်တန်ချိန် ၂ဒသမ၉သိန်းခန့်မှာ ပုဂ္ဂလိကပိုင်ယာဉ်များဖြင့် သွားလာ ပို့ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၀၄ခုနှစ် ဩဂုတ်လကုန်စာရင်းများအရ စီးပွားရေးလုပ်ကိုင်သည့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်၊ ရေယာဉ်စုစုပေါင်း ၁၅၈၄၅၅စီးတို့သည် အထက်ပါ ခရီးသည်နှင့် ကုန်စည်များအား နေ့စဉ်ပို့ဆောင်နေကြခြင်းဖြစ်ပါသည်။ အဆိုပါ ယာဉ်စီးရေပမာဏသည် ၁၉၈၈ခုနှစ်ရှိ စီးပွားရေးလုပ်ကိုင်ခဲ့သည့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်၊ ရေယာဉ် ၅၁၈၀၆ စီးနှင့် နှိုင်းယှဉ်ပါလျှင် သုံးဆကျော် တိုးတက်များပြားလာကြောင်းတွေ့ရမည်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဈေးကွက်စီးပွားရေးစနစ်၏ အကျိုးကျေးဇူးများကြောင့် ခရီးသွားဦးရေနှင့် ကုန်စည်ပမာဏများပြားလာပြီး ပုဂ္ဂလိကပိုင်သယ်ပို့ယာဉ်များမှာလည်း တိုးတက်များပြားလာခြင်းပင်ဖြစ်ပေသည်။ ဆက်လက်၍လည်း နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသည်၊ ကုန်စည်နှင့် သယ်ပို့ယာဉ်များ တိုးတက်များပြားလာဦးမည်ဖြစ်ပါသည်။ ဤနေရာတွင် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြသူများရော၊ အခြေအနေပေး၍ နောင်တစ်ချိန်ချိန်တွင် လုပ်ကိုင်ရန် ရည်မှန်းထားသူများပါ **"သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်"** အကြောင်းကို သိရှိထားရန်လိုအပ်ပါသည်။

နိုင်ငံတော်၏ထုတ်ပြန်ပြီးဖြစ်သည့် တည်ဆဲဥပဒေများအနက် ၁၉၆၃ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃တွင် "မည်သူမျှလုပ်ငန်း လိုင်စင်မရှိဘဲ ခရီးသည်များကိုသော်လည်းကောင်း၊ ကုန်စည်များကိုသော်လည်းကောင်း၊ ငှားရမ်းခ(သို့မဟုတ်) အကျိုးကျေးဇူး တစ်ခုခုအတွက် စက်တပ်ယာဉ်ဖြင့် သယ်ယူလုပ်ကိုင် ဆောင်ရွက်ရသော လုပ်ငန်းကိုမလုပ်ကိုင်ရ(သို့မဟုတ်)မလုပ်ကိုင်စေရ" ဟူ၍ ပြဋ္ဌာန်းထားကြောင်း တွေ့ရမည် ဖြစ်ပေသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာနသည် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်စနစ်တကျထုတ်ပေးလျက်ရှိသော ဌာနကြီးတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်တစ်ဝန်းရှိ အဓိက မြို့ကြီး ၄၅ မြို့တွင် ရုံးစိုက်၍ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်များအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

သင့်မြတ်သူ (ပစန)

သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်များအား အောက်ပါအတိုင်း အမျိုးအစားငါးမျိုးခွဲခြားထားကာ ကဏ္ဍအသီးသီးတွင် ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်–

စဉ်	လုပ်ငန်းလိုင်စင်အမျိုးအစား	အကျုံးဝင်သည့်ကဏ္ဍ
၁။	"က"လုပ်ငန်းလိုင်စင်	ကုန်စည်ပို့ဆောင်မှုကဏ္ဍ
၂။	"ခ"လုပ်ငန်းလိုင်စင်	(ပုံမှန်ခရီးစဉ်ဖြင့်) ခရီးသည်ပို့ဆောင်ရေးကဏ္ဍ
၃။	"ဂ"လုပ်ငန်းလိုင်စင်	(စင်းလုံးငှားခရီးစဉ်ဖြင့်) ခရီးသည်ပို့ဆောင်မှုကဏ္ဍ
၄။	"ဃ"လုပ်ငန်းလိုင်စင်	(ပဋိညာဉ်စာချုပ်ချုပ်ဆိုထားသည့် သီးသန့်ကြိုပို့ခရီးစဉ်ဖြင့်) ခရီးသည် ပို့ဆောင်မှုကဏ္ဍ
၅။	"င"လုပ်ငန်းလိုင်စင်	(မိမိ၏ စီးပွားရေး လုပ်ငန်းမှ ထွက်ရှိသော ကုန်များကိုသာ သယ်ပို့ခွင့်ပြုထားသည့်) ကုန်စည်ပို့ဆောင်မှုကဏ္ဍ

လုပ်ငန်းရှင်များအနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းလိုင်စင်များအား ဆောင်ရွက်မည်ဆိုပါက အောက်ပါစာရွက်စာတမ်းများ လိုအပ်မည်ဖြစ်ပါသည်–

(၁) မော်တော်ယာဉ်အတွက် ကညနယာဉ်မှတ်ပုံတင်မူရင်း၊ ရေယာဉ်အတွက် ရညန စစ်ဆေးပြီးကြောင်းလက်မှတ်မူရင်း၊ စက်မြင်းကောင်ရေ (၂၀)ထက်မပိုသော စက်တပ်ရေယာဉ်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မှတ်ပုံတင်ပြီးကြောင်း သက်သေခံလက်မှတ်မူရင်း။

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း။

(၃) "ခ" လုပ်ငန်းလိုင်စင်အမျိုးအစား လျှောက်ထားမှုအတွက် ပြေးဆွဲလိုသည့် ယာဉ်အသင်း၏ ထောက်ခံချက်မူရင်း။

(၄) "ဃ"လုပ်ငန်းလိုင်စင်အမျိုးအစား လျှောက်ထားမှုအတွက် ချုပ်ဆိုပြီးဖြစ်သည့် ပဋိညာဉ်စာချုပ်မူရင်း။

(၅) "င"လုပ်ငန်းလိုင်စင်အမျိုးအစားလျှောက်ထားမှုအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စီးပွားရေးလုပ်ကိုင်ခွင့်လိုင်စင်။

(၆) ယာဉ်၏ရှေ့၊ နောက်၊ ဘေး (ယာဘက်) ဓာတ်ပုံ(၁)ပုံစီ။

လုပ်ငန်းလိုင်စင်ပြုလုပ်ရန် အခွန်အခ သတ်မှတ်ထားရှိမှုနှင့် ပတ်သက်၍ တင်ပြရပါလျှင် မော်တော်ယာဉ်ဖြစ်က အနိမ့်ဆုံးကျပ် ၈၀၀မှ အမြင့်ဆုံး ကျပ် ၂၁၀၀ အထိလည်းကောင်း၊ ရေယာဉ်ဖြစ်က အနိမ့်ဆုံး ကျပ် ၆၀၀မှ အမြင့်ဆုံးကျပ် ၉၀၀၀ အထိလည်းကောင်း၊ ခရီးသည်နှင့် ကုန်တန်ချိန် ခွင့်ပြုမှု အနည်းအများအပေါ် မူတည်၍ သတ်မှတ်ထားရှိပါသည်။ ဤနေရာတွင် မိမိအခြေစိုက်သည့် ပြည်နယ်/တိုင်းမှ အခြားပြည်နယ်/ တိုင်းများအထိ တိုင်းကျော်ခရီးစဉ်ဖြင့် ပြေးဆွဲလိုပါက အခြေခံနှုန်းထားအပေါ် ၅၀ ရာခိုင်နှုန်းထပ်ဆောင်း၍ အခွန် ထပ်မံပေးဆောင်ရမည်ဖြစ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် ပြုလုပ်ပေးရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းနှင့် အထောက်အထားများ ပြည့်စုံမှုရှိပါက နေ့ချင်းပြီး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

တစ်ဆက်တည်းမှာပင် လုပ်ငန်းလိုင်စင်ရယူပြီးဖြစ်သည့် လုပ်ငန်းရှင်များအနေဖြင့် အောက်ပါလုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းကမ်းချက်များအား သိရှိ၍ အလေးထား လိုက်နာရမည်ဖြစ်ပါသည်–

(၁) လုပ်ငန်းလိုင်စင်အား နှစ်စဉ်သက်တမ်းတိုးရန်၊

(၂) "ခ"လုပ်ငန်းလိုင်စင် အမျိုးအစားဖြင့် ခရီးသည်ပို့ဆောင်ရန် ခွင့်ပြုချက်ရပြီးဖြစ်သောမော်တော်ယာဉ်၊ ရေယာဉ်များအနေဖြင့် လုပ်ငန်းလိုင်စင်တွင် သတ်မှတ်ခွင့်ပြုထားသည့်ခရီးစဉ်အတိုင်းသာ ပြေးဆွဲရန်၊

(၃) မည်သည့်ယာဉ်မျှ လုပ်ငန်းလိုင်စင်ပါ ကုန်တန်ချိန် သို့မဟုတ် ခရီးသည်ဦးရေထက် ပိုမို တင်ဆောင်ခြင်းမပြုရန်၊

(၄) ရေယာဉ်များအတွက် သတ်မှတ်ဝန်တင်မျဉ်း(Load Line) ထက်ကျော်လွန်၍ တင်ဆောင်ခြင်းမပြုရန်၊

(၅) လုပ်ငန်းလိုင်စင် ခွင့်ပြုအမျိုးအစားပြ လက်မှတ်(တြိဂံ)နှင့် အပိုင်း(၂)တို့ကို ယာဉ်နှင့်တစ်ပါတည်းထားရှိရန်၊

(၆) လမ်းခရီးတွင် တာဝန်ရှိသူများက လိုအပ်၍ စစ်ဆေးပါက အထက်ပါတြိဂံနှင့် အပိုင်း(၂)တို့အား ပြသ၍ အစစ်ဆေးခံရန်၊

တည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရယူ၍ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စနစ်တကျ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ကြရန် ညွှန်ကြားထားသော်လည်း အကြောင်းအမျိုးမျိုးဖြင့် လုပ်ငန်းလိုင်စင် လုံးဝမပြုလုပ်ဘဲ ခရီးသည်၊ကုန်စည်များ ပို့ဆောင်နေခြင်း၊ ပုံမှန်သက်တမ်းတိုးရန် ပျက်ကွက်ခြင်း၊ ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်ပါ အချက်အလက်များထက် ပိုမိုအခွင့်အရေးယူ၍ ချိုးဖောက်ပြေးဆွဲခြင်းများအား အခါအားလျော်စွာ တွေ့ရှိနေရပါသည်။ ထိုသို့ ကျူးလွန်ချိုးဖောက်မှုများအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် သက်ဆိုင်ရာယာဉ်များအား စစ်ဆေးဖော်ထုတ်ကာ ချိုးဖောက်သည့် ပြစ်ဒဏ်အလိုက် ဒဏ်ငွေ ကျပ်၁၀၀၀ မှ ကျပ်၄၀၀၀ အထိ ပေးဆောင်စေကာ အရေးယူခဲ့ပါသည်။

ထိုကဲ့သို့ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊ ဖောက်ဖျက်မှုများအတွက် အရေးယူခြင်းများအား ဆောင်ရွက်လျက်ရှိရာ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနသည် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများအား တစ်ဖက်တစ်လမ်းမှ ရှာဖွေနိုင်ခဲ့ပြီး ၁၉၈၈/၈၉ ခုနှစ်တွင် အခွန်ငွေ ကျပ်သန်း ၄ဒသမ၇၅ ရရှိခဲ့ရာမှ ၂၀၀၃/၂၀၀၄ခုနှစ်တွင် အခွန်ငွေ ကျပ်သန်း ၄၈၃ ဒသမ ၃၆အထိ တိုးတက်ရရှိခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရပါလျှင် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြသူများအားလုံးသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်အား ရယူကြရမည်ဖြစ်ပါသည်။ ထိုသို့ လုပ်ငန်းလိုင်စင်အား စနစ်တကျ ရယူခြင်းကြောင့် မိမိအတွက်ရော၊ နိုင်ငံတော်အတွက်ပါ အောက်ပါအကျိုးကျေးဇူးများရရှိခံစားရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(၁) မိမိလုပ်ကိုင်သည့် ခရီးသည်/ကုန်စည်ပို့ဆောင်မှု လုပ်ငန်းအား စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း။

(၂) မိမိခရီးစဉ်တွင် ခွင့်ပြုချက်မရှိသည့် အခြားယာဉ်များ ကျူးကျော်ချိုးဖောက်ပြီး လာရောက်ပြေးဆွဲပါက တာဝန်ရှိသူများက တားဆီးအရေးယူပေးမည့် အခွင့်အရေးရရှိမည်ဖြစ်ခြင်း။

(၃) နိုင်ငံတော်က ခရီးစဉ်အလိုက် ခွင့်ပြုထားသည့် စက်သုံးဆီအား ထုတ်ယူခံစားနိုင်မည်ဖြစ်ခြင်း။

(၄) မကြာမီအကောင်အထည်ပေါ်လာတော့မည်ဖြစ်သည့် အာဆီယံနိုင်ငံများ၊ ပတ်ဝန်းကျင်နိုင်ငံများနှင့် သယ်ယူပို့ဆောင်ရေးများအတွက် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စများအား ကြိုတင် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်မည်ဖြစ်ခြင်း။

(၅) နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခများ ရရှိမည်ဖြစ်ခြင်း။

(၆) နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွက်ချက်ရာတွင် အထောက်အကူရရှိမည်ဖြစ်ခြင်း။ ။

သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းနှင့် သီလရှင်ကျောင်းခုနစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေစိုက်ထူလှူဒါန်းပွဲကို စက်တင်ဘာ၁၂ရက်က ကျိုက္ကဆံ ဆံတော်ရှင်စေတီတော်မြောက်ရုံကြီး၌ကျင်းပရာ ဆရာတော်ကြီးများအား ရန်ကုန်အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် သဃ်န်းကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းတို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲဆက်ကပ်လှူဒါန်းကြစဉ်။ (၅၀၆)

ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေးနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ ဒုတိယဆုရ ဒေါ်ခင်လေးလှိုင်(ပုဇွန်တောင်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ)အား ဂုဏ်ပြုပွဲနှင့် ချို့တဲ့ကျောင်းသားများအား ဗလာစာအုပ်ပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က မြို့နယ်အသင်းရုံးတွင် ပြုလုပ်ရာ ဆုရဒေါ်ခင်လေးလှိုင်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး ဂုဏ်ပြုဆုပေးအပ်စဉ်။ (၂၃)

အင်းစိန်အလက(၉)၏ ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပရာ ရန်ကုန် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မောင်လွင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအုန်းကျော်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အီဗာတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –ဗျည်းဆုံးနာမ်၊ သချ်ာနာမ်နှင့်နာမဝိသေသန(အရှေ့တိုင်း၊ မြန်မာစာ၊ ဒုသနိက၊ ရသ–ပထမနှစ်)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ ကြံ့ခိုင်စည်းလုံး ပြည့်လက်ရုံး
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၃၆)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေရောင်လွှမ်းသည့် ရွှေလမ်းဆီသို့" (အပိုင်း–၁) သရုပ်ဆောင်–လူမင်း၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ၊ (ဒါရိုက်တာ–တင်သန်းဦး)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

★ ရှေ့ဖုံးမှ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရေနံချောင်းစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းက ရေနံချောင်းစက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လုပ်ငန်းရှင်များအား မြေနေရာချထားမှု၊ စက်မှုဇုန်၌ရှိသော စက်မှုလုပ်ငန်း အမျိုးအစားများ၊ လျှပ်စစ်မီးနှင့်ရေရရှိရေး ဆောင်ရွက်ထားမှု၊ ဂျစ်ကား၊ ဘတ်(စ်)ကားနှင့် အခြားမော်တော်ယာဉ်များ ထုတ်လုပ်မှုအခြေအနေ၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် တီထွင်ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုဇုန်လုပ်ငန်းရှင်များက ၎င်းတို့၏ ကုန်ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ရေနံချောင်းချောက်ဒေသများ၌ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ အခြေအနေကို ရှင်းလင်းတင်ပြရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကိုယ်ပိုင်အတတ်ပညာ

ယင်းနောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် ရေနံချောင်းစက်မှုနယ်မြေသည် အစဉ်အလာကောင်း၊ နာမည်ကောင်းရှိသော စက်မှုလုပ်ငန်းများ တည်ရှိသော နယ်မြေဖြစ်ကြောင်း၊ **မိမိတို့၏ ပင်ကိုအရည်အသွေးများကို မြှင့်တင်၍ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ထူထောင်နိုင်အောင် ကြိုးစားသွားကြရမှာဖြစ်ကြောင်း၊ မော်တော်ကားထုတ်လုပ်ရာမှာရော မော်တော်ဆိုင်ကယ်ထုတ်လုပ်ရာမှာပါ ကိုယ်ပိုင်အတတ်ပညာစွမ်းအားနှင့် ဖန်တီးနိုင်မှုတို့အပေါ် အဓိကအားပြုလုပ်ကိုင်သွားကြစေလိုကြောင်း။**

သဘာဝဓာတ်ငွေ့သုံးစွဲမှု အတွေ့အကြုံသည် ရေနံချောင်းနှင့် ချောက်ဒေသ၌ နှစ်ပေါင်းကြာရှည်စွာ ဖြတ်သန်းခဲ့ပြီးဖြစ်၍ ယခု မော်တော်ကားများကို ဓာတ်ငွေ့သုံးကားများအဖြစ် ပြောင်းလဲသုံးစွဲရာ၌ ရေနံချောင်းစက်မှုဇုန်က လိုအပ်သော စက်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် စနစ်တကျ လွယ်လင့်တကူ ပြောင်းလဲတပ်ဆင်မှုများ ပြုလုပ်ပေးနိုင်အောင် ကြိုးစားသွားသင့်ကြောင်းဖြင့် မှာကြားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေနံချောင်းစက်မှုဇုန်ထုတ် ဆယ်ဘီးကားလေးထိုင်ခုံနှင့် ဆက်စပ်ပစ္စည်းများ၊ ရေတင်စက်နှင့်အပိုပစ္စည်းများ၊ အမှုန့်ကြိတ်စက်နှင့် အပိုပစ္စည်းများ၊ မော်တော်ယာဉ်သုံး စက်အစိတ်အပိုင်းများကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မော်တော်ဆိုင်ကယ်စက်ရုံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရွှေနဂါးစက်မှုလက်မှု Star မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ ထုတ်လုပ်သည့် အိတ်ဇောဲ၊ Handle အထိန်းအထိုင်များ၊ နောက်မားကက်အထိုင်များ၊ ရှေ့ခရင်းခွ၊ ကိုယ်ထည်ဖရိန်၊ နောက်ခရင်းခွ၊ ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်သည့် စက်အစိတ်အပိုင်းများကိုလည်းကောင်း၊ Milling Machine များဖြင့် စက်ခုတ်စားနေမှုကိုလည်းကောင်း၊ ပြည်ပမှ တင်သွင်းသည့် Brakeကြိုး၊ Milage ကြိုး၊ Choke ကြိုး၊ Lever ကြိုးများနှင့် စက်အစိတ်အပိုင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံက တီထွင်ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်ကိုယ်ထည်ဖရိန်များ၊ စက်အစိတ်အပိုင်းများ၊ မိုလ်များ၊ ဒိုင်များ၊ ဂျစ်ခုံများ၊ ရှေ့နောက် ရှော့ဘားများကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Starမော်တော်ဆိုင်ကယ် ခေါင်းခြမ်းတပ်ဆင်ခြင်း အဆင့်ဆင့်နှင့် ကိုယ်ထည်အပေါ်ပိုင်း၊ အောက်ပိုင်းတပ်ဆင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ တပ်ဆင်ပြီး မော်တော်ဆိုင်ကယ်ကို အဆင့်ဆင့်စစ်ဆေးမှုနှင့် ကွန်ပျူတာထိန်းချုပ်မှုစနစ်ဖြင့် ဆိုင်ကယ်အလိုင်းမင်းချိန်ခြင်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဒေါ်ဝင်းမော်ထွန်းနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ပြည်တွင်း ဈေးကွက်အတွင်းသို့ ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်များ တိုးချဲ့ထုတ်လုပ်နိုင်အောင် မှန်မှန်ကန်ကန် သန့်သန့်ရှင်းရှင်းဖြင့် ဆက်လက်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်ရန် အားပေးမှာကြားသည်။

ရေနံချောင်း စက်မှုဇုန်ရှိ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်းသည် ပြည်တွင်းဖြစ်ပစ္စည်း ၆၅ ရာခိုင်နှုန်း၊ ပြည်ပလုပ်ပစ္စည်း ၃၅ ရာခိုင်နှုန်း အသုံးပြု၍ ကိုယ်ပိုင် Star အမှတ်တံဆိပ် မော်တော်ဆိုင်ကယ် စူပါကပ်ကို စတင်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်အောင် ကြိုးစားလျက်ရှိသည်။ စက်အင်အားအရ တစ်နေ့ ဆိုင်ကယ်အစီး ၇၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

သုံးဘီးဆိုင်ကယ်အလုပ်ရုံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရေနံချောင်းစက်မှုဇုန်ရှိ Three Friends Co., Ltd ၏ သုံးဘီးဆိုင်ကယ် အလုပ်ရုံသို့ ရောက်ရှိပြီး သုံးဘီးဆိုင်ကယ် (ဓာတ်ဆီ)၊ သုံးဘီးဆိုင်ကယ် (ဒီဇယ်ဆီ) တပ်ဆင်ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ စက်ရုံအတွင်း ခင်းကျင်းပြသထားသည့် သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးဆိုင်ရာ ပိုက်ကွေးစက်များ၊ ပြည်တွင်းထုတ်လုပ်သောစက်ပစ္စည်းများ၊ ပြည်ပမှ ဝယ်ယူရသည့် စက်အပိုပစ္စည်းများ၊



ရေနံချောင်းစက်မှုဇုန်က မော်တော်ဆိုင်ကယ်စတင်ထုတ်လုပ် ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချမည်

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း ရေနံချောင်းမြို့ စက်မှုဇုန်ခန်းမ ရှင်းလင်းဆောင်တွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)



စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရေနံချောင်းစက်မှုဇုန်ရှိ Three Friends Co.,Ltd ၏ သုံးဘီးဆိုင်ကယ်အလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရေနံချောင်းမြို့ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်(၁) CNG(1) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဘာဝဓာတ်ငွေ့များ အလုံအလောက် ရောင်းချ

- ရေနံချောင်း ရေနံမြေတွင် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်ပေါင်း ၁၅၆စီး ရှိပြီး အရောင်းဆိုင်နှစ်ဆိုင်မှ သဘာဝဓာတ်ငွေ့များကို အလုံအလောက်ရောင်းချပေးလျက်ရှိ။
- ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း ဘတ်စ်ကားနှင့်ကုန်တင်ကားများကိုသဘာဝဓာတ်ငွေ့သုံးကားများအဖြစ် ပြောင်းလဲပြီးက တစ်လလျှင် ဓာတ်ဆီဂါလန် သုံးသိန်းကျော်၊ ဒီဇယ်ဂါလန် နှစ်သန်းသုံးသိန်းခန့်ထိ လျော့နည်းသက်သာမည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်)တွင် ထုတ်လုပ်ထားသော နှစ်ဘီးလမ်းကြိတ်စက်နှင့် သုံးဘီးလမ်းကြိတ်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုလ်များ၊ သံပြား မြောင်းဖော်စက်၊ သံပြားဖြတ်စက်၊ စက်တပ်ဆင်နေမှု လုပ်ငန်းအဆင့်ဆင့်တို့ကို လည်းကောင်း၊ ယာမြေသုံး လက်တွန်းထွန်စက်များကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးမျိုးနိုင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ဒေသသုံးအဖြစ် သုံးဘီးဆိုင်ကယ် ထုတ်လုပ်မှုကို သုံးစွဲသူ စိတ်ကြိုက်ဖြစ်အောင် တီထွင်ကြံဆ ထုတ်လုပ်သွားရန် မှာကြားသည်။

Three Friends Co., Ltd က ဒေသတွင်း သုံးစွဲနိုင်သည့် သုံးဘီးမော်တော်ဆိုင်ကယ်များကို ပြည်တွင်းဖြစ် ပစ္စည်းအများစုသုံးစွဲ၍ စမ်းသပ်ထုတ်လုပ်လျက်ရှိသကဲ့သို့ တစ်လုံးထိုးခြောက်ကောင်အား လက်တွန်းထွန်စက်ငယ်များကိုလည်း စတင်စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရေနံချောင်းမြို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်(၁) CNG(1) သို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မကွေးတိုင်းအတွင်းရှိ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ၊ ဆက်လက်တိုးချဲ့ ထူထောင်သွားမည့် အရောင်းဆိုင်များ၊ ရေနံချောင်း ရေနံမြေ၊ ချောက်ရေနံမြေရှိ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ အခြေအနေ၊ အရောင်းဆိုင်များရှိ Compressor များ သုံးစွဲမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆက်လက်၍ ပလိပ်မှ မန္တလေးသို့ ခြောက်လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တိုးချဲ့သွယ်တန်းရေးကိစ္စ၊ မြင်းခြံ၊ မကွေး၊ ရေနံချောင်း၊ အောင်လံ၊ ပြည်၊ ကြို့ပင်ကောက်၊ ရန်ကုန်အနောက်ရိုးမ လမ်းတစ်လျှောက် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ရေးကိစ္စ၊ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းသို့ ခရီးသည်တင်၊ ကုန်တင်ယာဉ်များအတွက် ဆိုင်သစ်ငါးဆိုင် ဖွင့်လှစ်ရေးကိစ္စ၊ ဆက်လက်၍ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များမှ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များအတွက် ဆိုင်များတိုးချဲ့ ဖွင့်လှစ်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အရောင်းဆိုင်ရှိ Gas Compressorနှင့် Filling Station (1) ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အလုံအလောက်ရောင်းချ

ရေနံချောင်း ရေနံမြေတွင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပေါင်း ၁၅၆ စီးရှိပြီး အရောင်းဆိုင်နှစ်ဆိုင်မှ သဘာဝဓာတ်ငွေ့များကို အလုံအလောက် ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ဘတ်စ်ကားနှင့် ကုန်တင်ကားများကို သဘာဝဓာတ်ငွေ့သုံး ကားများအဖြစ် ပြောင်းလဲပြီးက တစ်လလျှင် ဓာတ်ဆီဂါလန် သုံးသိန်းကျော်၊ ဒီဇယ်ဂါလန် နှစ်သန်း သုံးသိန်းခန့်ထိ လျော့နည်း သက်သာကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရေနံချောင်းမြို့မှ ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် မကွေးမြို့သို့ ရောက်ရှိကြသည်။

မလွန်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၊ အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (မလွန်) သို့ ရောက်ရှိကြရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စက်ရုံခန်းမ၌ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမျိုးတင့်က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများဖောက်လုပ်ရာတွင် အသုံးချနိုင်ရန်၊ နည်းပညာသစ် တိုးတက်ရရှိစေရန်၊ စက်ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်ရန်နှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲရမှု လျော့နည်းစေရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် လမ်းကြိတ်စက် ထုတ်လုပ်ရေးကို စတင်ခဲ့မှု၊ အလေးချိန်ရှစ်တန်ရှိ နှစ်ဘီးလမ်းကြိတ်စက်များအောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့မှုနှင့် ရောင်းချနိုင်မှု၊ အလေးချိန် ၁၀ တန်ရှိ သုံးဘီးလမ်းကြိတ်စက်ကို စတင်တီထွင်ထုတ်လုပ်နိုင်မှု၊ သုံးဘီးလမ်းကြိတ်စက်တွင် ပါဝင်သော စက်အစိတ်အပိုင်းများ၊ ယင်းစက်အစိတ်အပိုင်းများ၌ စက်ရုံက တီထွင်ထုတ်လုပ်နိုင်သည့် စက်အစိတ်အပိုင်းများ၊ ပြည်ပမှ ဝယ်ယူတပ်ဆင်သည့် စက်အစိတ်အပိုင်းများကို ရှင်းလင်းတင်ပြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းပေါင်းစပ်

ထို့နောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းကြိတ်စက် ထုတ်လုပ်မှုလုပ်ငန်းကို ထိရောက်အောင်မြင်စွာ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန်နှင့် အရည်အသွေးအဆင့်အတန်းရှိအောင် ထုတ်လုပ်သွားရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လမ်းကြိတ်စက် ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ နှစ်ဘီးနှင့် သုံးဘီး လမ်းကြိတ်စက် တပ်ဆင်ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်ပြီး နှစ်ဘီး လမ်းကြိတ်စက်နှင့် သုံးဘီးလမ်းကြိတ်စက်တို့ကို ထပ်မံကြည့်ရှု စစ်ဆေးကြသည်။

နှစ်ဘီးလမ်းကြိတ်စက်မှာ မြင်းကောင်ရေ ၅၀ အားရှိ အင်ဂျင်စက် တပ်ဆင်ထားပြီး ဝန်အလေးချိန်မှာ ရှစ်တန်မှ ၁၀ တန်အထိ ရှိသည်။

သုံးဘီးလမ်းကြိတ်စက်မှာ မြင်းကောင်ရေ ၈၀ အားရှိ အင်ဂျင်စက် တပ်ဆင်ထားပြီး ဝန်အလေးချိန်မှာ ၁၀ တန်မှ ၁၂ တန်အထိရှိသည်။

နိုင်ငံခြားသုံးငွေသက်သာ

ယင်းလမ်းကြိတ်စက်များကို ယခုကဲ့သို့ ပြည်တွင်းမှာပင် အောင်မြင်စွာ ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားသုံးငွေ များစွာသက်သာစေကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ပြည်မြို့သို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)တွင် ထုတ်လုပ်ထားသော လမ်းကြိတ်စက်များကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
- သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓမ္မာအေဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာ့ပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ စွန်ချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၀ ၇။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာ နိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၁၅-၂၀ နှစ်) (အမျိုးသား၊အမျိုးသမီး)
၅:၅၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၆:၀၀ ၉။ ဂီတမဟာပျော်စရာ
၆:၁၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၂၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇:၁၅ ၁၅။ တေးဂီတအစီအစဉ်
၇:၂၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်း "ရွှေရောင်လွှမ်းသည့် ရွှေလမ်းဆီသို့" (အပိုင်း-၁) (လူမင်း၊ ခန့်စည်သူ၊ ရဝေအောင်၊ မြင့်မြင့်ခိုင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ၊ နဝရတ်၊ ပွင့်နဒီမောင်၊ ရတနာခင်) [ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး]**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ စည်းကမ်းချက်များ ထုတ်ပြန်

ရန်ကုန်   စက်တင်ဘာ   ၁၄

၂၀၀၅ခုနှစ် မတ်လ ၂၇ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောကဗျာနှင့်အနုပညာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာသည်။

ရေးဖွဲ့နိုင်

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ဖော်ကျူးသော အကြောင်းအရာများ၊ ကုန်းဘောင်ခေတ် (အေဒီ-၁၈၂၄ ခုနှစ်)၊ လွတ်လပ်ရေးခေတ် (၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ)နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ်များမှ ခေတ်တစ်ခေတ်၏ ဇာတိဂုဏ်၊ အမျိုးဂုဏ် စသောသမိုင်းဝင်ဖြစ်ရပ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဘာသာ၊ သာသနာ ဆောင်ရွက်မှုများ တည်ဆောက်ပြုပြင်ရေးဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှုများ စသည့်အကြောင်းအရာများကို ရေးဖွဲ့နိုင်သည်။

ကဗျာများကို အကဲဖြတ်ရာတွင် အကြောင်းအရာပိုင်း၊ တင်ပြပုံအပိုင်း၊ ရေးဖွဲ့ပုံအပိုင်း ဟူသော အပိုင်း(၃)ပိုင်းကို အခြေခံ၍ အမှတ်ပေးစနစ်ဖြင့်အကဲဖြတ်သွားမည်။

အဆင့်(၂)ဆင့်

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ ခွဲခြားကျင်းပသွားမည်။ တပ်မတော်နေ့ ကဗျာပြိုင်ပွဲ၊ အမျိုးသား ဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့သူများနှင့် အမျိုးသားစာပေဆု ရရှိသူများသည် အဆင့်(၁)တွင် လည်းကောင်း၊ အဆိုပါဆုများ မရရှိသေးသူများသည် အဆင့်(၂)တွင်လည်းကောင်း ယှဉ်ပြိုင်ရမည်။ ခြွင်းချက်အနေဖြင့် အဆိုပါဆုများ မရရှိခဲ့သော်လည်း အဆင့်တစ်ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့်ရှိပြီး မိမိယှဉ်ပြိုင်သည့် အဆင့်နံပါတ်ကို ကဗျာစာမူတွင် ထင်ရှားပီသစွာရေးသားဖော်ပြရမည်။

အဆင့်(၁)တွင် ကဗျာရှည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ပေးထားရာ မည်သည့်အဆင့်တွင်မဆို ပြိုင်ပွဲဝင်တစ်ဦးသည် အမျိုးအစားနှစ်မျိုးစလုံးတွင် ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိသည်။ သို့ရာတွင် အမျိုးအစားတစ်မျိုးတွင် ကဗျာတစ်ပုဒ်သာ ယှဉ်ပြိုင်ရမည်။

ကဗျာတိုတွင် ပါဒ ၁၀၀ မှ ၃၀၀ ထိ၊ ကဗျာရှည်တွင် ပါဒ ၁၀၀၀ မှ ၂၀၀၀ ထိ ရေးစပ်နိုင်သည်။ ကဗျာတိုတွင် ပါဒအပိုအလို ၃၀၊ ကဗျာရှည်တွင် ပါဒ ၅၀ သာခွင့်ပြု၍ ယင်းအချက်နှင့်မကိုက်ညီသော ကဗျာများကိုမစဉ်းစားပါ။ ကဗျာစပ်ထုံး၊ ကဗျာစပ်နည်းမှန်ကန်ရမည့်အပြင် ကာရန်မဲ့ကဗျာနှင့် မော်ဒန်ကဗျာများကို လုံးဝလက်မခံပါ။

ကဗျာစာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်းသေသပ်စွာရေးသားပြီး မိတ္တူနှစ်စောင် ပေးပို့ရန်ဖြစ်သည်။ ပြိုင်ပွဲဝင်သူ၏အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ ဟူသော အချက်ခြောက်ချက်နှင့်တကွ ၂လက်မ x ၂½အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။

ဆုရကဗျာများကို နိုင်ငံတော်က သုံးစွဲခွင့်ရှိသည်။ ပင်ကိုရေးကဗျာဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။ စည်းကမ်းချက်နှင့် မညီသောစာမူများကို လက်ခံမည်မဟုတ်ပါ။

ပြိုင်ပွဲဝင်ကဗျာစာမူများ နောက်ဆုံးထားပေးပို့ရမည့်ရက်မှာ ၃၁-၁-၂၀၀၅ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာပေဗိမာန် (၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ ထံသို့ လိပ်မူ၍ ပေးပို့ကြရန် ကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်း ဆရာတော်ထံ ကျောင်းသားများ အသုံးပြုရန် ဗလာစာအုပ်နှင့် ခဲတံများ ဆက်ကပ်လှူဒါန်းစဉ်။

(စွမ်းအင်)

စွမ်းအင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး စက်သုံးဆီအရောင်းဆိုင်များ ကြည့်ရှုစစ်ဆေး

ရန်ကုန်   စက်တင်ဘာ   ၁၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စက်တင်ဘာ ၁၁ရက်နံနက်ပိုင်းတွင် လက်ပံတန်းမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၉၄၇)သို့ ရောက်ရှိ၍ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု၊ရောင်းချမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့ပြီး တိုင်းရောင်းဝယ်ရေးအရာရှိ ပြည်ဌာနခွဲ မန်နေဂျာနှင့် တာဝန်ရှိသူများကို သိုလှောင်ဖြန့်ဖြူးမှုများ စနစ်တကျ ရှိစေရေး၊ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး၊ စက်သုံးဆီအရောင်းဆိုင်များ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်တောင်တန်းရေနံမြေသို့ရောက်ရှိပြီး ကွေ့မ၊ ဆိပ်သာ ဧရာဝတီမြစ်ဖြတ် ၁၀လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်မည့် လမ်းအကြောင်းကို ရေယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် မြန်အောင်ရေနံမြေ၌ တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော တွင်းအမှတ်(၁၆၇)သို့ သွားရောက်၍ ရေနံမြေ မန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ရည်မှန်းချက်အနက်ပေသို့ အမြန်ရောက်ရှိရေး ကြိုးပမ်း ဆောင်ရွက်ရန်၊ ရေနံမြေ၏ ထူးခြားသော မြေအောက်ဘူမိဗေဒ သဘာဝအရ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်တွက်ဆ၍ ဆောင်ရွက်ရန်ဆွေးနွေးမှာကြားသည်။

အလှူငွေပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၁ရက် ညနေပိုင်းတွင် ကြံခင်းမြို့နယ်အသင်း ရုံး၌ မြို့နယ်အမှုဆောင်များနှင့် လည်းကောင်း၊ မြန်အောင်မြို့နယ် အသင်းရုံး၌ မြန်အောင်မြို့နယ် အမှုဆောင်များနှင့် လည်းကောင်း အသီးသီးတွေ့ဆုံကာ အသင်းများ၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပရေး၊ မြို့နယ်အလိုက် ပညာရည်ချွန်ဆုပေးပွဲများ ပြုလုပ်ရေး၊ မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးပြီး အလှူငွေများပေးအပ်ခဲ့သည်။

ဖူးမြော်

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာယာကုန်းကျောင်းတိုက် ဆရာတော် ဦးပညာဇောတအား သွားရောက်ဖူးမြော်၍ ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ပရဟိတမြို့ရွှေကျောင်းဆရာတော်ထံ သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပရဟိတကျောင်းသားများအတွက် ဗလာစာအုပ်နှင့် ခဲတံ ဒါဇင်၁၀၀စီကိုလှူဒါန်းခဲ့ပြီး ကျောင်းသားကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက်ဗဟိုအလုပ်အမှုဆောင်သည် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ဆရာ၊ ဆရာမဟောင်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ လက်ဆောင်များ ပေးအပ်သည်။ ယင်းမှတစ်ဆင့် စာသင်ကျောင်းများ ကောင်းမွန်ရေးအတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပြုပြင်တည်ဆောက်လျက်ရှိသော မန်ကျည်းကွင်းကျေးရွာ မူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာငွေနှင့် အခြားလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ်(၁၅) ကျောင်းလမ်း ကျောက်ကုန်း ရန်ကင်းမြို့နယ်နေ ဒေါက်တာခင်ဇော်သိန်း-ဒေါက်တာ ခင်သန်းဆွေ၊ သား-မောင်စိုးမိုးဇော် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၂၀ကို စက်တင်ဘာ ၈ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်၊ အဖွဲ့ဝင် ဦးဝင်းထိန်နှင့် ဦးတင်မောင်ဝင်းတို့ လက်ခံကြစဉ်။ (က-ပ)

လှိုင်မြစ်အတွင်း ဓာတ်ငွေ့ပိုက်လိုင်းပြုပြင်ခြင်း ရန်ကုန်ရှိ မြို့နယ်အချို့ အလှည့်ကျ ဓာတ်အားပိတ်ထားမည်

ရန်ကုန်   စက်တင်ဘာ   ၁၄

ညောင်တုန်းသဘာဝဓာတ်ငွေ့မြေမှ အလုံဓာတ်အားပေးစက်ရုံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ပေးနေသော ဓာတ်ငွေ့ပိုက်လိုင်းသည် ယနေ့နံနက် ၈နာရီခွဲတွင် လှိုင်မြစ်အတွင်း ပေါက်သွားခဲ့သဖြင့် အလုံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များ၏ ဓာတ်အားထုတ်လုပ်မှုကို ရပ်ဆိုင်းထားရသည်။

သို့ဖြစ်ပါ၍ ထိုဓာတ်ငွေ့ပိုက်လိုင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ပြုပြင်နေစဉ်အတွင်း ရန်ကုန်မြို့တော်ရှိ လသာ၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ လှိုင်၊ တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များ၏ အချို့နေရာများတွင် အလှည့်ကျစနစ်ဖြင့် ဓာတ်အားပိတ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန်   စက်တင်ဘာ   ၁၄

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်ရှိ မွတ်ဆလင် သက်ကြီးဂေဟာ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငွေပဒေသာပင် အတွက် လှူဒါန်းငွေ ကျပ် ၅၀၀၀၀နှင့် ဆေးဝါးများပေးအပ် လှူဒါန်းရာ မွတ်ဆလင် သက်ကြီးဂေဟာကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဟာဂျီဦးလှဝေနှင့် ဂေဟာမှူး ဆရာဦးကျော်ဝင်းတို့က လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အားပေးစကားပြောကြား

ထို့နောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များသည် မွတ်ဆလင်သက်ကြီးဂေဟာရှိ အဘိုးများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ခုနှစ်၊စက်တင်ဘာလ (၁၄)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၁၀၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာနိုင်ငံဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ် အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာအဖွဲ့က ကြီးမှူးကျင်းပမည့် Symposium on Management of Portal Hypertension ဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ မှတ်ပုံတင်ပြုလုပ်ပြီး တက်ရောက်နိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လေးထောင့်ကန် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရည်ပြည့်ဝမှသာ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်နိုင်မည်

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ကြိုးစား

❍ **စစ်မှုထမ်းဟောင်းမှ**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

လမ်းညွှန်မှု

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ဤအမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာကို ၁၉၈၆ခုနှစ်ကပင်ယခုနိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် လမ်းညွှန်မှုဖြင့် တည်ထားသောစစ်မှုထမ်းဟောင်းစံပြကျေးရွာဖြစ်ကြောင်း၊ ဤကျေးရွာတွင် နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားစစ်မှုထမ်းများအား နေထိုင်ရန် အိမ်အပြင် လုပ်ကိုင်စားသောက်နိုင်ရန် စိုက်ပျိုးမြေများ၊ လယ်ယာသုံး ကျွဲ၊ နွားများ၊ မွေးမြူရေးခြံများ စသည်ဖြင့် ပြည့်ပြည့်စုံစုံ စီစဉ်ပေးထားသည့်အပြင် ဤရွာမှ ရန်ကုန်မြို့တွင်းသို့ ဆက်သွယ်သွားရောက်နိုင်ရန် မော်တော်ယာဉ်လိုင်းကားများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် (၁၆)ခုတင်ဆံ့ဆေးရုံ၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ရင်သွေးငယ်များ ပညာသင်ကြားနိုင်ရန် ဤစာသင်ကျောင်းများကိုပါ နိုင်ငံတော်၏စီစဉ်ပေးမှု၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့အတူ ဤရွာ၏သက်တမ်း ကာလတစ်လျှောက် လိုအပ်သည်များကိုလည်း မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က အခါမလပ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤကျောင်းဆောက်လုပ်ပေးမှုအပြင် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ မာလ်တီမီဒီယာ စာသင်ခန်းများ တည်ဆောက်ဖွင့်လှစ်နိုင်အောင် မတည်ဆောင်ရွက်ပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း၊ ထို့အပြင် ဘုန်းတော်ကြီးကျောင်းနှင့် ၁၈တောင်မြင့်သည့် ရွှေတိဂုံပုံတူစေတီတော်တို့ကိုလည်း သာသနာရောင်ဝါ ထွန်းလင်းရေးအတွက် စီစဉ်တည်ဆောက်လှူဒါန်းထားပြီးဖြစ်ကြောင်း။

စေတနာကိုတုံ့ပြန်

ထို့ကြောင့် ဤရွာရှိ စစ်မှုထမ်းဟောင်းမိသားစုများအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့စေတနာတို့ကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြပြီး မိမိတို့၏ရင်သွေးငယ်များကို နိုင်ငံတော်၏ အနာဂတ်အတွက် သားကောင်းရတနာများဖြစ်အောင် စနစ်တကျ မြေတောင်မြှောက်ပြုစုပေးကြရန်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်ထက်မြက်မြင့်မားရေး၊ လူရည်ချွန် လူရည်မွန်များ ဖြစ်ပေါ်လာရေး၊

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးဂုဏ်ဇာတိဂုဏ်ကို စောင့်ရှောက်သော၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သော နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်စေရေးတွင် အုပ်ထိန်းသူမိဘ၊ သင်ကြားပေးသူ ဆရာ၊ ဆရာမများနှင့် သင်ယူဆည်းပူးသူ ကျောင်းသား၊ ကျောင်းသူများအားလုံးတို့တွင် တာဝန်ကိုယ်စီရှိကြကြောင်း။

ထို့ကြောင့် မိဘများက မိမိတို့ရင်သွေးသားသမီးများကို နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်အောင် ကျောင်းတက်မှန်စေရေး၊ လိမ္မာရေးခြားရှိစေရေး၊ စာမှန်မှန်ကျက်မှတ်စေရေးတို့အပြင် လိုအပ်သည်များကို ဖြည့်ဆည်းဆုံးမသွန်သင်ပြုစုပေးကြရန် ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများကလည်း မိမိတို့တပည့်ကျောင်းသား၊ ကျောင်းသူများကို ပညာရည်မြင့်မားရေး၊ လိမ္မာရေးခြားရှိရေး၊ စည်းကမ်းသေဝပ်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ သတ်မှတ်သင်ရိုးညွှန်းတမ်းအတိုင်း အပြည့်အဝစနစ်တကျ သင်ကြားရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လေးထောင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်အား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အထူးကြိုးစားအားထုတ်

ကျောင်းသား၊ကျောင်းသူများကလည်း မိမိတို့ကိုယ်တိုင် ထူးချွန်ထက်မြက်ရေး၊ နိုင်ငံ့သားကောင်းရတနာများဖြစ်ရေးတို့အတွက် ကြိုးစားကြရန်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝမှသာ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်နိုင်မည်ဖြစ်ရာ မိမိတို့ကိုယ်တိုင် လူချွန်လူမွန်များ၊ စည်းကမ်းသေဝပ်သူများ၊ နိုင်ငံတော်၏ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် အထူးကြိုးစားအားထုတ်ကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် မိဘ၊ ဆရာ၊ ကျောင်းသားတို့ သုံးဦးသုံးဖလှယ်ကိုယ်စီတာဝန်ကျေပွန်ကြရန်နှင့် ဤကျောင်းတော်ကြီး၏ ဂုဏ်သိက္ခာမြင့်မားရေး၊ နိုင်ငံတော်အတွက် သားကောင်းရတနာများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်ရေးတို့ကိုအလေးမူကာ မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ပညာရည်ချွန်ဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဓာတုဗေဒဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူလေးဦးနှင့် သင်ကြားမှုထူးချွန်သော ဆရာမငါးဦးတို့အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)က ဘက်စုံထူးချွန်ဆုရ ကျောင်းသူနှစ်ဦးအားလည်းကောင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူလေးဦးတို့အားလည်းကောင်း၊ ဗဟိုစည်းရုံးရေး ကော်မတီဝင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက မြို့နယ်အဆင့်ပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူ သုံးဦးတို့အားလည်းကောင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ကျောင်းဘက်စုံဆုရ ကျောင်းသား၊ ကျောင်းသူငါးဦးတို့အားလည်းကောင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ကျောင်းမိသားစု ဘာသာရပ်အလိုက် ထူးချွန် ပထမဆုရ ကျောင်းသား၊ ကျောင်းသူငါးဦးတို့အား လည်းကောင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါကကျောင်းလုပ်ငန်းထူးချွန်ပထမဆုရ ကျောင်းသား၊ ကျောင်းသူနှစ်ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားဝန်ကြီးဌာနကလှူဒါန်းသည့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

❀ စာမျက်နှာ ၁၁မှ
အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းအတွက် အလှူတော်ငွေပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရွာမိသားစုများက လှူဒါန်းငွေကျပ် ၃၀၀၀၀၀ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးတင်ဦး(ငြိမ်း)က လည်းကောင်း၊ ကျောင်းသားမိဘများက လှူဒါန်းငွေကျပ် ၁၅၀၀၀၀ကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုံးကျော်က လည်းကောင်း၊ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ ဈေးသူ၊ ဈေးသားများ လှူဒါန်းငွေကျပ် ၅၀၀၀၀ကို ဈေးသာယာရေးအဖွဲ့ဝင်များကလည်းကောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်ထံ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က ကျောင်းအတွက် လှူဒါန်းမှုအစုစုအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနား ပထမပိုင်းကို ခေတ္တရပ်နားသည်။

အခမ်းအနား ပထမပိုင်းအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နံနက် ၉နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကောလင်းမြို့နယ် ကျွန်းအထူးစိုက်ခင်း အခြေစိုက်စခန်းရှိ ပျိုးဥယျာဉ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာလုပ်ငန်းများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ သစ်တောရေးရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၁၂ရက်တွင် မြစ်ကြီးနားမြို့ ပြည်နယ်သစ်တောဦးစီးဌာနရုံးသို့ရောက်ရှိရာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ် အထွေထွေမန်နေဂျာတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် အင်းတော်ကြီးဒေသရုံးသို့ ရောက်ရှိပြီး ဟိုပင်သစ်ဆိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် နန့်စီးအောင်သစ်ဆိပ်၊ အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအနီး ၁၉၆၉ ခုနှစ် ပျဉ်းကတိုးစိုက်ခင်း ဧက ၁၀၀ သစ်စေ့ထုတ်ဧရိယာ၊ ဖက်ဆွတ်ကြိုးဝိုင်း အကွက် အမှတ်(၂၉)ရှိ ၁၉၀၆ခုနှစ် ကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ကသာမြို့ရှိ သစ်ဆိပ် ခရိုင်သစ်တောဦးစီးဌာန ရွှေလီ-မဘိမ်း သစ်ထုတ်ရေးဒေသရုံး၊ ယာဉ်၊ ယန္တရားပြုပြင်ရေးအလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကောလင်းမြို့နယ် သော်ကြိုးဝိုင်းအကွက် အမှတ် (၄)ကျွန်းအထူးစိုက်ခင်း ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ခင်းဧက ၂၅၀ ကိုလည်းကောင်း၊ ဥဒုံးပင်ကျေးရွာရှိ ကျွန်းအထူးစိုက်ခင်းကိုလည်းကောင်း ရောက်ရှိစစ်ဆေးပြီး ညပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ကန့်ဘလူမြို့နယ် စံပယ်နံ့သာကြိုးဝိုင်း အကွက်အမှတ် (၂၉၊ ၄၂၊ ၄၃)ရှိ သစ်ထုတ်လုပ်သော ကုမ္ပဏီများက နိုင်ငံတော်အတွက် စိုက်ပျိုးပေးလျက်ရှိသော ကျွန်းစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်ဝင်းထွန်းက ကျွန်းစိုက်ခင်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ မှာကြားပြီး ကျွန်းစိုက်ခင်းနှင့် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကာ ကျွန်းပင်ကိုအမှတ်တရစိုက်ပျိုးပေးသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ထူးချွန်ဆုချီးမြှင့်ပေးအပ်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ထူးချွန်ဆုပေးအပ်ပွဲ ၊တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် (၄၅၅/၄၅၇)ရှိ အစည်းအဝေးခန်းမကြီး၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ငါးဦးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၏ ဇနီး ဒေါ်ခင်လှလှက ငါးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၏ဇနီး ဒေါ်စမ်းစမ်းဝေက ငါးဘာသာဂုဏ်ထူး ရရှိသူ ခြောက်ဦးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ငါးဘာသာဂုဏ်ထူးရရှိသူ ငါးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ လေးဦးနှင့် သုံးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးတို့အားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက နှစ်ဘာသာဂုဏ်ထူး ရရှိသူ တစ်ဦး၊ တစ်ဘာသာဂုဏ်ထူး ရရှိသူ တစ်ဦး၊ တက္ကသိုလ်ပညာ ထူးချွန်ဆုရရှိကြသူများ၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး ဆုရရှိကြသူများနှင့် အထူးထောက်ပံ့ကြေးဆု ရရှိကြသူများအားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ပြည်ပနိုင်ငံများ၌ကျင်းပသည့်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိခဲ့ကြသော ထူးချွန်အမျိုးသားအားကစားသမား သုံးဦးတို့အားလည်းကောင်း၊ ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက ထူးချွန်အမျိုးသမီး အားကစားသမား လေးဦးတို့အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပြည်တွင်း၌ ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသော အမျိုးသား အားကစားသမား ရှစ်ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၏ ဇနီး ဒေါ်စမ်းစမ်းဝေက အမျိုးသမီး အားကစားသမား သုံးဦးတို့အားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများက ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ် ရရှိကြသောအားကစားသမား ၄၀တို့အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် နယ်စွန်နယ်ဖျားနှင့် ဝေးလံခေါင်းပါးဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ပြည်ထဲရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၏ လူမှုရေးရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများကိုယ်စား ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၏ ဇနီး ဒေါ်ခင်လှလှက ငွေကျပ် ၂၅ သိန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် ပညာရည်ထူးချွန်ဆုပေးအပ်ပွဲ၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲတွင် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးဝေစည် မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၁၄

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ **"ဖွံ့ဖြိုးဝေစည် မြန်မာပြည်"**ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများသည် ၁၀ လက်မ x ၁၂လက်မ ထက်မငယ်သော အရွယ်အစား Print ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ(Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့်ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲ ဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၄ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်နှင့် ဖိုးလပြည့် ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပမည့် ၂၀၀၄ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၆ရက်အထိ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများသည် စက်တင်ဘာ ၂၈ရက် ညနေ ၃နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) ဖုန်း-၀၉-၉၉-၂၇၅၄၁သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် ရွှေလှေ-မောင်းမ-ခရမ်းလမ်းပေါ်ရှိ အုတ်ဖိုကျေးရွာ တံတားဟောင်းကို စက်တင်ဘာ ၄ရက်က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးစဖုန်းအောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးတိုင်းတာဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)



မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄-၉-၂၀၀၄

ကျောက်တော်
၄ ဒသမ ၁၃ လက်မ

မြင်းခြံ
၃ ဒသမ ၇၀ လက်မ

မိုးကုတ်
၃ ဒသမ ၃၁ လက်မ

ရွှေဘို
၃ ဒသမ ၁၁ လက်မ

ကန့်ဘလူ
၂ ဒသမ ၇၂ လက်မ

ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ မြင့်တက်လာနိုင်

ရန်ကုန် စက်တင်ဘာ ၁၄

ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့၊ ညောင်ဦးမြို့နှင့် ဟင်္သာတမြို့တို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ၇၀ စင်တီမီတာ(နှစ်ပေခွဲခန့်) မြင့်တက်လာနိုင်ပြီး၊ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ၄၅ စင်တီမီတာ(တစ်ပေခွဲခန့်) မော်လိုက်မြို့တွင် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ၉၀စင်တီမီတာ(သုံးပေခန့်)မြင့်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်သည်။

အာရှ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာနိုင်ငံ၌ ကျင်းပမည် မြန်မာဝူရှူးအဖွဲ့ အောင်မြင်မှုရရှိရေး လေ့ကျင့်ပြင်ဆင်နေ

သတင်းဆောင်းပါး
ညီညီစိုးညွှန့်၊
ဓာတ်ပုံ-စိုးညွှန့်

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ်လက်ခံကျင်းပမည်ဖြစ်သည်။ အဆိုပါ အာရှတံခွန်စိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲစတင်ရန် ရက်ပေါင်း ၆၀ ကျော်မျှလိုတော့ပေသည်။ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်သည်အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်သာမက ကမ္ဘာ့အဆင့်ထိပင် အောင်မြင်မှုရယူပေးလျက်ရှိနေသည်။ မြန်မာဝူရှူးအားကစားအဖွဲ့သည် အရှေ့တောင်အာရှ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ(အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝူရှူးပြိုင်ပွဲမပါလျှင် သီးခြားကျင်းပ)၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှ လူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊

အာရှ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မိမိတို့၏ အဓိကပြိုင်ဘက်မှာ တရုတ်နှင့် ဗီယက်နမ်ဖြစ်ကြောင်းမြန်မာဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲများသို့ အဖွဲ့ချုပ်သက်တမ်း ၁၀နှစ်ကျော်အတွင်း ဝင်ရောက်ဆင်နွှဲခဲ့ရာ နိုင်ငံတော်အတွက် ရွှေ၊ငွေ၊ ကြေးဆုတံဆိပ်များ အများအပြား ရယူပေးနိုင်ခဲ့သည်။ ၂၀၀၃ခုနှစ် (၂၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲပြီးသည်အထိ နိုင်ငံတကာပြိုင်ပွဲကြီး ၁၂ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၃၃ ခု၊ ကြေးတံဆိပ် ၃၆ ခု စုစုပေါင်းဆုတံဆိပ် ၉၇ခု ဆွတ်ခူးရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်သည် ယှဉ်ပြိုင်ကစားသည့် ပြိုင်ပွဲတိုင်း လိုလိုတွင် ရွှေတံဆိပ်များစွာ ဆွတ်ခူးရရှိခဲ့ဖူးသော်လည်း အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိသေးချေ။ လေးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည့် ယခုပြိုင်ပွဲသို့ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အနေဖြင့် ယခင်က နှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၉၆ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက်တွင် အဆင့်(၇) တစ်ဦးသာရရှိခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသော ပဉ္စမအကြိမ်၌ ငွေခြောက်ခု၊ကြေးတစ်ခုအထိ တိုးတက်ဆွတ်ခူးရရှိခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် ယခုပြိုင်ပွဲတွင် ရွှေတံဆိပ်များ ဆွတ်ခူးရရှိရေးအတွက် ဥက္ကဋ္ဌအပါအဝင် အမှုဆောင်များ၊ အားကစားသမားများ အားလုံးက အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိပေသည်။

အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာအဖွဲ့အနေဖြင့် ဝူရှူးအင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်စတင်တည်ထောင်ချိန် ၁၉၉၃ခုနှစ်မှာပင် ကမ္ဘာ့ဝူရှူးတံခွန်စိုက် အဆင့်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိပြီးဖြစ်သည့် ဗီယက်နမ်၊ဟောင်ကောင်၊ဂျပန်၊ဖိလစ်ပိုင်၊တောင်ကိုရီးယားစသည့် အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၏ အဓိကရည်မှန်းချက်မှာ ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော်တွင် ဝူရှူးပြိုင်ပွဲ ထည့်သွင်းကျင်းပပါက အောင်မြင်မှုရရှိရေးပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်သည် လက်ရှိ လက်ရွေးစင်ကစားသမားများအပြင် လူငယ်လက်ရွေးစင်များ၊ မျိုးဆက်သစ်အားကစားသမားများကို လွန်ခဲ့သည့်လေးနှစ်ကပင်တရုတ်နိုင်ငံမှနည်းပြတစ်ဦးကို ငှားရမ်းကာ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိသည်။

အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာဝူရှူးအဖွဲ့ အောင်မြင်မှုရရှိရေး ပြင်ဆင်နေပုံများ၊ ပြိုင်ပွဲအနေအထားနှင့်ပတ်သက်၍မြန်မာနိုင်ငံဝူရှူး အဖွဲ့ချုပ် ဥက္ကဋ္ဌဦးခင်မောင်လေးအား ကြေးမုံကသွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးခင်မောင်လေးက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မှုအနေအထားနှင့်ပတ်သက်၍ ပြောကြားရာတွင်"မိမိအနေဖြင့်အိမ်ရှင်နိုင်ငံဖြစ်သည့်အတွက် တရုတ်နိုင်ငံနှင့်အတူတူ တန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင်ထောက်လုပြိုင်ပွဲ၊ ဆန်းဆိုပြိုင်ပွဲ၊ သက်ကြီးထောက်လုပြိုင်ပွဲနှင့် ထိုက်ချီအုပ်စုအလိုက်ပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ထိုက်ချီအုပ်စု အလိုက်ပြိုင်ပွဲမှာ ဆုတံဆိပ်မပေးဘဲ ဂုဏ်ပြုမှတ်တမ်းလွှာသာ ပေးမည်ဖြစ်ကြောင်း၊ ထောက်လုပြိုင်ပွဲတွင်လည်း ဥပမာ- ထိုက်ချီအားကစား နည်းတွင်ရွှေတံဆိပ်သုံးခုအထိ ရရှိနိုင်ကြောင်း၊ ထိုက်ချီဓားမြှောင်နှင့် ထိုက်ချီကျန်ပြိုင်ပွဲတွင် ရွှေတံဆိပ်များရရှိပြီးအမှတ်ကောင်းလျှင်ပြိုင်ပွဲနှစ်ရပ်ပေါင်းတွင်လည်း ရွှေတံဆိပ်ထပ်မံရရှိနိုင်ကြောင်း၊ မိမိတို့မြန်မာဝူရှူးအဖွဲ့အနေဖြင့် ပြိုင်ပွဲသို့ ထောက်လုအားကစားနည်း၌ အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယင်းအားကစားသမားများထဲတွင် သက်ကြီးပြိုင်ပွဲဝင်မည့်နှစ်ဦး ပါဝင်မည်ဖြစ်ကြောင်း၊ ဆန်းဆိုပြိုင်ပွဲတွင် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးငါးဦးဝင် ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာဝူရှူးအဖွဲ့တွင် အုပ်ချုပ်သူနှစ်ဦး၊ နည်းပြလေးဦး၊ ကစားသမား ၂၄ဦး အပြင် ဒိုင်လူကြီးနှင့် ဆရာဝန်အပါအဝင် စုစုပေါင်း ၃၅ဦး ပါဝင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်မည့်ကစားသမားများတွင် လူဟောင်းရှစ်ဦးပါဝင်မည်ဖြစ်ကြောင်း၊ လူဟောင်းများရောလူသစ်ကစားသမားများပါ အကောင်းဆုံး အနေအထားတွင်ရှိ၍ အားရမိကြောင်း။

ပြိုင်ပွဲသို့ ယခုလောလောဆယ် ၁၃ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားကြောင်း၊ စာရင်းပေးရက်ကို အောက်တိုဘာ၂၀ရက် နောက်ဆုံး သတ်မှတ်ပေးထား

(၆)ကြိမ်မြောက် အာရှဝူရှူးပြိုင်ပွဲ ထောက်လုပြိုင်ပွဲဝင်မည့် မြန်မာဝူရှူးလက်ရွေးစင်အားကစားမယ် ခိုင်ခိုင်မော် တရုတ်နိုင်ငံတွင် လေ့ကျင့်စဉ်။
(ဓာတ်ပုံ-ဝူရှူးအဖွဲ့ချုပ်)

ကြောင်း၊ စာရင်းပေးထားသည့်အသင်းများတွင် တရုတ်၊ ဗီယက်နမ်၊ဂျပန်၊ဟောင်ကောင် စသည်တို့ပါဝင်လာကြောင်း၊ ပြိုင်ပွဲအတွက်စာရင်းပေးထားသူဦးရေ ၄၀၀နီးပါးရှိကြောင်း၊ နောက်ထပ်သုံးလေးသင်း ထပ်မံစာရင်းပေးလာနိုင်ပြီး အားကစားအဖွဲ့ဝင်ဦးရေ ၅၀၀ ကျော် ရှိလာနိုင်ကြောင်း၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့ ထပ်မံစာရင်းပေးလာနိုင်ကြောင်း၊တောင်အာရှမှနိုင်ငံများနှင့် ထိုင်း၊ လာအိုစသည့်နိုင်ငံအချို့မှာ ဆုတံဆိပ်ရရန်မလွယ်သည့်အတွက် လာရောက်ယှဉ်ပြိုင်မှာမဟုတ်ကြောင်း အင်ဒိုနီးရှားနိုင်ငံမှာ တရုတ်နိုင်ငံတွင်လေ့ကျင့်လျက်ရှိကြောင်း၊ ယခုပြိုင်ပွဲတွင် မိမိတို့၏ အဓိကပြိုင်ဘက်များမှာ တရုတ်နှင့် ဗီယက်နမ်တို့ဖြစ်ကြောင်း၊ ယခုအာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှသာ ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိရန်မျှော်မှန်းနိုင်မည်ဖြစ်၍ ပြိုင်ပွဲဝင်နိုင်ငံများက အဓိကထား ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လေးနှစ်တစ်ကြိမ်ကျင်းပသော ယင်းပြိုင်ပွဲ(၂၀၀၀)ပြည့်နှစ် ဗီယက်နမ်၌ ငွေတံဆိပ်ခြောက်ခုဖြင့်သာ ကျေနပ်ခဲ့ရကြောင်း၊ ထိုငွေတံဆိပ်များကို ယခုအကြိမ်တွင်ရွှေတံဆိပ်များဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း"ပြောကြားပြီး ပြိုင်ပွဲကျင်းပမည့်အစီအစဉ်များကို အကျယ်တဝင့် ပြောကြားသွားသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက အားကစားသမားများ၏ လေ့ကျင့်မှုအနေအထားနှင့် ပတ်သက်၍ဆက်လက်ပြောကြားရာတွင် "မိမိအနေဖြင့် ယခင်ကတရုတ်နိုင်ငံတွင် လေ့ကျင့်ရန် ရှစ်ယောက်၊ ကိုးယောက်အထိသာ လွှတ်ဖူးသော်လည်း ယခုအခါ၃၅ယောက်အထိ လွှတ်ခဲ့ကြောင်း၊ သင်္ကြန်မတိုင်ခင်ကတည်းကတစ်ဖွဲ့ပြီးတစ်ဖွဲ့လွှတ်ခဲ့ကြောင်း၊ တစ်ချို့ကစားသမားများမှာ စာမေးပွဲများရှိနေ၍ နောက်ကျမှ လွှတ်ခဲ့ရကြောင်း၊ လေ့ကျင့်ရန်လွှတ်လိုက်သောကစားသမားများထဲမှ ပြိုင်ပွဲဝင်ရန်လက်ရည်မမီသူများကိုပြန်လာခိုင်းပြီး လေ့ကျင့်မှုပြတ်မသွားစေရန် တရုတ်နည်းပြတစ်ဦးနှင့် ဆက်လက်လေ့ကျင့်ပေးလျက်ရှိကြောင်း။

ထိုက်ချီကစားသမားများကို ဖူးကျန့်ပြည်နယ်ဖူကျိုးမြို့တွင် လည်းကောင်း၊ ချန်းချွမ်နှင့်နန်းချွမ်ကစားသမားများကို နန်းနင်မြို့တွင်လည်းကောင်း၊ ဆန်းဆိုကစားသမားများကို ပြီးခဲ့သည့်နှစ်က လေ့ကျင့်ခဲ့သည့် ကျန့်ကျန်းမြို့တွင် လည်းကောင်း လေ့ကျင့်ပေးခဲ့ကြောင်း၊ ကစားသမားများကို ယခင်ကထက် ပိုမိုစေလွှတ်လေ့ကျင့်ခဲ့၍ ယခင်ကထက် ကုန်ကျမှုပိုများကြောင်း၊ မိမိအနေဖြင့် နေမကောင်းသည့်ကြားကပင် တစ်လလျှင်သုံးပတ်ကြာမျှ တရုတ်နိုင်ငံသို့ သွားရောက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း။

ကစားသမားများအာဟာရပြည့်စေရန် အာဟာရပြည့်ဝသည့် အစားအစာများကျွေးခြင်း၊ ဆေးကုသမှုပေးခြင်း၊ မုန့်ဖိုးများပေးခြင်းဖြင့် ကလေးတွေစိတ်ဓာတ်တက်အောင် ဆောင်ရွက်ပေး ခဲ့ကြောင်း၊ မိမိအနေဖြင့်ကစားသမားများနှင့် အတူနေပြီး ကလေးတွေအားတက်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းမြင့်နှင့် နည်းစနစ်မှူး ဦးခွန်ဂျာအောင် တို့ကလည်း အနီးကပ်သွားရောက်နေထိုင်အုပ်ချုပ်၍ လိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ထောက်လုကစားသမားများမှာ ပြိုင်ပွဲနီးလာသည့်အတွက် တရုတ်နိုင်ငံမှပြန်လာပြီး ကိုယ့်မြေ ပြိုင်ပွဲ၌ ခင်းမည့် ကော်ဇောပေါ်တွင် လေ့ကျင့်လျက်ရှိကြောင်း၊ ဆန်းဆိုကစားသမားများမှာ တရုတ်နိုင်ငံတွင် တရုတ်နည်းပြ Mr.Wang Shiying ဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိကြောင်း၊ ချန်းချွမ်၊ နန်းချွမ် ကစားသမားများကို တရုတ်နည်းပြဆရာ Mrs.Han Jing က လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယင်းနည်းပြဆရာမမှာ ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ နန်းချွမ်ရွှေတံဆိပ်ဆုရှင်ဖြစ်ပြီး တရုတ်နိုင်ငံတွင် ဝူရှူးအားကစားကို မြတ်နိုးစေတနာထားသည့်ဆုကို ရရှိထားသူဖြစ်ကြောင်း၊ ထိုက်ချီနည်းပြ Mr. Li Chang မှာလည်း မကြာမီရောက်ရှိလာမည်ဖြစ်ကြောင်း။

ထိုက်ချီနည်းပြရောက်လာမှ သက်ကြီးထောက်လုပြိုင်ပွဲဝင်မည့်နှစ်ဦးကို ရွေးချယ်မည် ဖြစ်ကြောင်း၊ အဆိုပါသက်ကြီးကစားသမားများကို စခန်းသွင်းမထားဘဲ ၎င်းတို့ကိုယ်တိုင် ပန်းခြံများတွင်လေ့ကျင့်လျက်ရှိကြောင်း၊ အားကစားနည်းအလိုက် တစ်ခုစီကို နည်းပြဆရာတစ်ဦးစီဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဝူရှူးအားကစားနည်း တိုးတက်ရန်အတွက် တရုတ်နည်းပြငါးဦး၊ ပြည်တွင်းနည်းပြ ၁၀ဦးတို့ဖြင့် လေ့ကျင့်စေလျက်ရှိကြောင်း၊ မိမိအနေဖြင့် အခြားနိုင်ငံများ၏ လုပ်ဆောင်ချက်များကို အမြဲမပြတ်စောင့်ကြည့်ကာ ကိုယ့်ကစားသမားများကို ပိုကောင်းအောင်လုပ်ဆောင်ပေးလျက်ရှိကြောင်း"ပြောကြားသည်။

ထို့နောက် အစားအသောက်ကျွေးမွေးမှု၊ ပံ့ပိုးအားပေးမှုများနှင့်ပတ်သက်၍ ပြောကြားရာတွင် "မိမိတို့အဖွဲ့ချုပ်အနေဖြင့် စခန်းသွင်းထားသည့် ကစားသမားများ၊ အုပ်ချုပ်သူ၊နည်းပြ အပါအဝင် စုစုပေါင်း ၅၀ကို နံနက်၊ နေ့လယ်၊ ညစာများကျွေးမွေးကြောင်း၊ တစ်လအတွက် ဟင်းအစီအစဉ်ရေးဆွဲပြီး အာဟာရပြည့်ဝအောင်ကျွေးမွေးထားကြောင်း၊ စခန်းမှာအိပ်ပြီး ကျောင်းတက်သည့်ကလေးများကို သုံးနပ်စလုံးကျွေးပြီး ကျောင်းတက်ရာတွင်လည်း နေ့လယ်စာကို စခန်းမှာကျွေးသည့်အတိုင်း ထမင်းချိုင့်ထည့်ပေးလိုက်ကြောင်း၊ စခန်းတွင်မအိပ်ဘဲ ညနေပိုင်းသာလေ့ကျင့်သည့်ကစားသမားများကို ညစာကျွေးမွေးကြောင်း။

တရုတ်နိုင်ငံတွင် လေ့ကျင့်ရာတွင် တစ်လလျှင် အမေရိကန်ဒေါ်လာ သုံးသောင်းကျော် ကုန်ကျကြောင်း၊ လေ့ကျင့်စရိတ်၊ ပြိုင်ပွဲစရိတ်၊ အစားအသောက်အကျွေးအမွေးစရိတ် အနည်းဆုံး အမေရိကန်ဒေါ်လာနှစ်သိန်းခွဲ သုံးသိန်းအထိကုန်ကျနိုင်ကြောင်း"ပြောကြားသွားသည်။

ထို့နောက် ဆက်လက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများ၊ မျိုးဆက်သစ်ကစားသမားများ မွေးထုတ်နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် "မိမိတို့ဝူရှူးအနေဖြင့် အာရှဝူရှူးတံခွန်စိုက် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာဝူရှူးပြိုင်ပွဲတစ်ရပ်ယှဉ်ပြိုင်ရန်ရှိကြောင်း၊ အောက်တိုဘာ ၁၅ရက်မှ ၂၀ရက်အထိ တရုတ်နိုင်ငံ ဇန့်ကျိုးမြို့တွင် ကျင်းပမည့် ပထမအကြိမ်ကမ္ဘာ့ရိုးရာဝူရှူးပွဲတော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ် ရိုးရာဝူရှူးကော်မတီ၌ အလုပ်အမှုဆောင်ဖြစ်နေ၍ ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ အသက်(၁၂)နှစ်ခန့် ကလေး ၁၂ဦးဖြင့် ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၀၅ခုနှစ်တွင် နိုင်ငံတကာတံခွန်စိုက်ပြိုင်ပွဲကြီးသုံးခုနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတစ်ခု ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ဧပြီလတွင် ပြင်သစ်နိုင်ငံ၌ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့လူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ဇူလိုင်လ၌ စင်ကာပူနိုင်ငံ တွင်ကျင်းပမည့် တတိယအကြိမ် အာရှလူငယ်ဝူရှူး တံခွန်စိုက်ပြိုင်ပွဲ၊ စက်တင်ဘာလ၌ ရုရှားနိုင်ငံတွင် ကျင်းပမည့် (၈)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ နိုဝင်ဘာလ၌ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့ ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ယခုနှစ်ထက်ပြိုင်ပွဲပိုများ၍ အောင်မြင်မှုရရှိရန်အစွမ်းကုန်ကြိုးစားရမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး ဦးဆောင်သော မြန်မာ့ဝူရှူးအားကစားအဖွဲ့သည် မကြာမီကျင်းပတော့မည့် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် အောင်မြင်မှုတံခွန်စိုက်ထူနိုင်ရန်အတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေရာ မြန်မာဝူရှူးအဖွဲ့အနေဖြင့် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးရယူနိုင်မည်ဟု အလေးအနက်ယုံကြည်မိပါသည်။ ။

(ကြေးမုံ)

လေ့ကျင့်

(၆)ကြိမ်မြောက် အာရှဝူရှူးပြိုင်ပွဲ ထောက်လုပြိုင်ပွဲဝင်မည့် မြန်မာဝူရှူးလက်ရွေးစင် အားကစား မယ် ဆွေဆွေသန့် တရုတ်နိုင်ငံတွင် လေ့ကျင့်စဉ်။
(ဓာတ်ပုံ-ဝူရှူးအဖွဲ့ချုပ်)

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၄

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဩဘာသ(မိုးကုတ်ဝိပဿနာ ဓမ္မကထိက)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ စက်တင်ဘာ ၁၈ရက်မှ ၂၇ရက်အထိ တရားတော်များကို ဟောကြားပြသမည်ဖြစ်၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈ သို့ဖြစ်စေ စက်တင်ဘာ ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တိုင်းအတွင်း ၁၅မြို့နယ်ရှိ သံဃပရိယတ္တိစာသင်တိုက် ၇၂ကျောင်း၊ သီလရှင်စာသင်တိုက် ခြောက်ကျောင်းတို့မှ သံဃာတော်နှင့် သီလရှင်အပါး ၃၉၈၀ တို့အား မင်္ဂလာဈေးသူ၊ ဈေးသားမိသားစုတို့၏ (၁၄)ကြိမ်မြောက် ဝါတွင်း သံဃာ့ဒါနဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်အိတ်၊ သင်္ကန်းနှင့် ဆေးဝါး စာရေးတံမဲလောင်းလှူပွဲကို စက်တင်ဘာ ၁၃ရက်က မင်္ဂလာဈေးမဏ္ဍာရုံတွင် ကျင်းပရာ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အမှုဆောင်များ ဆွမ်းဆန်အိတ်များ ဆက်ကပ်လှူဒါန်းကြစဉ်။ (၃၂)

အေရိုးဗစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒိုင်း ဖိတ်ခေါ်အေရိုးဗစ်ပြိုင်ပွဲကို စက်တင်ဘာလ နောက်ဆုံးအပတ်တွင် ကျင်းပမည်ဖြစ်သဖြင့် ပြိုင်ပွဲဝင်လိုသောအသင်းများသည် စက်တင်ဘာ ၁၈ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး ဘဏ်လမ်း ကျောက်တံတားမြို့နယ်သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း–၃၇၀၅၀၇နှင့် ၅၅၄၁၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (က–ပ)

မှော်ဘီ သဲဖြူတောရ ကိုးရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာအနီးရှိ သဲဖြူတောရဓမ္မရိပ်သာတွင် စက်တင်ဘာ ၁၇ရက်မှ ၂၇ရက်အထိ ကိုးရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၆၆၇၇၁၆၊ ၆၆၂၈၃၆ နှင့် ၆၆၆၁၆၃ တို့သို့ ဆက်သွယ် စာရင်းပေးသွင်း၍ ရန်ကုန်မြို့မှ ယောဂီများအတွက် အင်းစိန်မြို့နယ် ကြို့ကုန်း စွန်းလွန်းဂူ ကျောင်းတိုက်တွင် အသွားအပြန် ကားအကြိုအပို့ စီစဉ်ထားကြောင်းသိရသည်။ (က–ပ)

ဆက်ကပ်လှူဒါန်း

ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပါမောက္ခ(မိုးမိတ်) အမှူးပြုသည့် စာချစာသင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နဝကမ္မအလှူတော်ငွေပေးအပ်ပွဲကို စက်တင်ဘာ ၅ရက်က မင်္ဂလာဒုံမြို့နယ် ကာယ(၁၂)လမ်း မဟာမင်္ဂလာ ပရိယတ္တိစာသင်တိုက် မဟာနန္ဒိသေနာရာမတိုက်ခွဲတွင် ကျင်းပရာ မိုးမိတ်မြို့ ရွာတော်လေးရပ် ရဟန်းမယ်တော်ကြီး ဒေါ်အုန်းတင်အား အမှူးထား၍ ဒေါ်ခင်ဌေး (ရွှေဝါထွန်းဆန်စက်မိသားစု)က ဝါဆိုသင်္ကန်းနှင့် အလှူငွေကျပ် ၁၀၀၀၀၀ကို မိုးမိတ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက် ပြည်လမ်း ခုနစ်မိုင်ခွဲ တေးနုယဉ်လမ်းသွယ် အမှတ် (၄၅၊ အယ်လ်)နေ ကွယ်လွန်သူ ဒေါ်ခင်ညွန့်အား ရည်စူး၍ ဦးတင်မောင် (သိပ္ပံမှူးတင်) မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် ၁၀၀၀၀၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းထံ ဩဂုတ်၂၆ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သားလေးမောင်ဇင်ဖြိုးအောင်အတွက် မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ သားလေး **မောင်ဇင်ဖြိုးအောင်** ၏ ၁၄–၉–၂၀၀၄ရက်တွင်ကျရောက်ခဲ့သော(၁၁)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ ပြီးပြည့်စုံသည့်ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ဘိုးဘိုး – ဦးကျော်အေး
ဦးဦး – ဦးရဲကျော်စွာ–အန်တီငယ်
ကိုကြီး – ကျော်ရဲလွင်
ညီလေး – သော်ရဲလွင်။

ဝန်ထမ်းအလိုရှိသည်

1. Senior Accountant (မ) (၁–ဦး)
– B.Com, CPA ဖြစ်ရမည်။
– Computerized Accounting ကျွမ်းကျင်ရမည်။

2. Executive Secretary (၁–ဦး)
– Secretary ...
– Computer ...

3. ... (ကျား) (၁–ဦး)

4. Sales Representative (ကျား/မ) (၃–ဦး)

... AA Marketing Co., Ltd. ...

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏သားဖြစ်သူ မောင်ဇော်ဇော်နိုင် [၁၂/အစန(နိုင်) ၁၇၁၅၁၉] သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းဇော်–ဒေါ်မြမြတင်(အင်းစိန်)။

MCC Year 2 Advanced Diploma သင်တန်း

Master Degree

IDCS → IADCS → BCIS → M.Sc

- IDCS / IDEC အောင်မြင်ပြီးပါက IADCS- Year 2 သို့ တက်ရောက်နိုင်သည်။
- IADCS အောင်မြင်ပြီးပါက ICT ကုမ္ပဏီများတွင် System Analyst အဖြစ် အလုပ်အကိုင် ရရှိမည်။
- ထို့အပြင် BCIS Degree နှင့် M.Sc - Master Degree(UK) တို့ကို MCC နှင့် Overseas University တို့တွင် ဆက်လက် တက်ရောက်နိုင်သည်။

သင်တန်းဖွင့်ရက် – (၂၀)ရက် စက်တင်ဘာလ ၂၀၀၄

18th Sept

KM CENTRE

Golden Hope Int'l Ltd.

အမည်မှန်

ကျိုင်းတုံမြို့ အထက(၂)ဒသမတန်း (A)မှ ဦးစိုင်းအင်၏ သားမောင်စိုင်းဆွန်ဖိတ်၏ အမည်မှန်မှာ မောင်စိုင်းဆွမ်ဖိတ် ဖြစ်ပါကြောင်း။ **စိုင်းဆွမ်ဖိတ်။**

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ(အထူးကု)

LEUCODERMA

INFORMATICS COMPUTER CENTRE

2 + 1 Twinning Program
- Year 1: Intl Diploma in Computing
- Year 2: Intl Advanced Diploma in Computing
- Final Year :B.Sc(Hons)Computer Science, UOW
- Year 1 & 2 in Myanmar + Final Year in Singapore

(September Intake-26th)

INFORMATICS (Myaynigone) - Ph: 525971, 706740
INFORMATICS (Botataung) - Ph: 200343, 203188
INFORMATICS (Bahan) - Ph: 558360

THAMES Management Centre

- Diploma in Business Administration
- Diploma in Marketing & Public Relation

Short Course (SOC - 24/9/2004)
- General Business Management

THAMES- Yangon- 296829, 200343, 203188
THAMES- Mandalay MICT Park- 89402, 89403

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာ ဆေးပဒေသာပင် အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို စက်တင်ဘာ ၈ ရက်က အလှူရှင် အမှတ်(၇) နတ်စင်လမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ကျောက်တန်းမြို့နယ်အသင်း ရာသက်ပန်အသင်းဝင် ဗိုလ်ကြီး ထွန်းနိုင်-ဒေါ်မိမိငယ် မိသားစုက လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းလှရွှေ လက်ခံရယူစဉ်။ (မြို့နယ်ပြန်/ဆက်)

မကွေးတိုင်းဦးကွက်ဌဖလား ငါးခရိုင် ဘောလုံးဗိုလ်လု

မကွေး စက်တင်ဘာ ၅

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား အသက်(၁၇)နှစ်အောက် ငါးခရိုင် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၃ ရက် ညနေပိုင်းက မကွေးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

ပြိုင်ပွဲသို့ နယ်မြေခံ တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး အောင်သန်းထွဋ်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးတိုင်း ဘောလုံးဆပ်ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဗိုလ်စွဲ

ဗိုလ်လုပွဲတွင် မကွေးခရိုင် အသင်းနှင့် ပခုက္ကူခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးခရိုင် အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နယ်မြေခံတပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး အောင်သန်းထွဋ်၊ မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် တာဝန်ရှိသူများက ဆုရ ဘောလုံးအသင်းများအား အသင်းလိုက်ဆုနှင့် တစ်ဦးချင်း အကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၃၃၃)

ဩဂုတ် ၂၅ ရက်က ကျင်းပသည့် ရမည်းသင်းမြို့နယ် ကျီစု-ဝကုန်း ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း မိဘ၊ဆရာအသင်း အစည်းအဝေးနှင့် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် ဆုချီးမြှင့်ခြင်း အခမ်းအနား၌ နာယက ဆရာတော် အရှင်ပညာသီရိက ဆုရကျောင်းသားတစ်ဦးအား ဂုဏ်ပြု ဆုပေးအပ်စဉ်။ (က-ပ)

ဘိုးဘွားရိပ်သာ ဆောက်လုပ်ရန် ကျပ်သိန်း ၅၀ တန် ခြံမြေကွက် လှူဒါန်း

ရေတာရှည် စက်တင်ဘာ ၄

ပဲခူးတိုင်း ရေတာရှည်မြို့တွင် ဘိုးဘွားရိပ်သာ ဆောက်လုပ်ရန်အတွက် စေတနာရှင်မိသားစုက ငွေကျပ်သိန်း ၅၀ တန် ခြံမြေကွက် လှူဒါန်းပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက် ညနေ ၃ နာရီက ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက် မိုးတည်းခိုခန်းပိုင်ရှင် ဦးမြင့်-ဒေါ်နော်လှမြင့် နေအိမ်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရေတာရှည်မြို့နယ် အသင်း(ရန်ကုန်) အသင်းသား ကိုယ်စားလှယ်များ၊ ရေတာရှည်မြို့နယ် အသင်းဝင် အထက ကျောင်းသားဟောင်းများ၊ မြို့ပေါ်ရပ်ကွက် ခြောက်ခုမှ မြို့မိ၊ မြို့ဖများ၊ ဖြစ်မြောက်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

လက်ခံရယူ

အခမ်းအနားတွင် စေတနာရှင်မိသားစုကိုယ်စား မိုးတည်းခိုခန်းပိုင်ရှင် ဦးမြင့်က ရေတာရှည်မြို့တွင် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရန် ဘိုးဘွားရိပ်သာတစ်ခု တည်ဆောက်ရန် ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက် ရွှေကျင် သာသနာ့ရိပ်သာအနီး ခြံမြေကွက်ကို ဖြစ်မြောက်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းရာ ဖြစ်မြောက်ရေးအဖွဲ့ နာယက ဦးအောင်သန်းနှင့် ဦးအလင်းတို့က လက်ခံရယူသည်။

လှူဒါန်းနိုင်

ရေတာရှည်မြို့နယ် စေတနာရှင် ဦးမြင့်-ဒေါ်နော်လှမြင့် မိသားစု လှူဒါန်းသော ခြံမြေကွက်ပေါ်တွင် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ ဘိုးဘွားရိပ်သာ တည်ဆောက်သွားမည်ဖြစ်ရာ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့် (မိုး) နှင့် အတွင်းရေးမှူး ဦးခင်မောင်ထွေး ရေတာရှည်မြို့နယ်အသင်းသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၁)

မြို့နယ်သတင်းများ

မူလတန်းကျောင်း ဆောက်လုပ်ရန် အလှူငွေပေးအပ်

စဥ့်ကူး ဩဂုတ် ၂၉

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စဥ့်ကူးမြို့နယ် ခတက်ချဉ်ကျေးရွာအုပ်စု ပန်းတင်ကျေးရွာ အမှတ်(၄၇) အစိုးရ မူလတန်းကျောင်းသို့ ကျောင်းဆောင် အဆောက်အအုံများ အမိုးအကာ ပြုပြင်ရန်အတွက် အလှူငွေကျပ် လေးသိန်းကိုလည်းကောင်း၊ ရွှေပြည်ကျေးရွာ အုပ်စု၊ မြသီတာကျေးရွာ အစိုးရ မူလတန်းကျောင်းသို့ ကျောင်းအဆောက်အအုံများ ပြုပြင်ရန်အတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

အလှူငွေများကို မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်အဖွဲ့ ကိုယ်စား စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတောက်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ တာဝန်ခံ ဦးအောင်စိုးမင်းတို့က ကျောင်းဆောက်လုပ်ရေး ကော်မတီများအား ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (က-ပ)

လှိုင်လင်ခရိုင်၌ ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်

လှိုင်လင် စက်တင်ဘာ ၃

လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်းတို့၏ ကြီးကြပ်တာဝန်ယူမှုတို့ဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ အစိုးရ ကွန်ပျူတာကောလိပ် (ပင်လုံ)အရှေ့ဘက်မျက်နှာစာရှိချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကွန်ပျူတာ ကောလိပ်မှ ဆရာ၊ ဆရာမများ စုပေါင်း ဆောင်ရွက်ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြု ဆောင်ရွက်ခြင်းလုပ်ငန်းသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအေးမောင်ကြည်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သုတဖေ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သိန်းတို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ (က-ပ)

မိုးရာသီ မြို့ပေါ် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ဩဂုတ် ၂၈ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) အတွင်းရှိ ရေနုတ်မြောင်းများ တူးဖော်ဆယ်တင်ခြင်း လုပ်ငန်းခွင်သို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးဇော်ညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်တို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (ခရိုင်ပြန်/ဆက်)

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်သို့ အလှူငွေများ လှူဒါန်း

ပြည် စက်တင်ဘာ ၁၀

ရန်ကုန်မြို့ အမှတ်(၅၄) အင်းယားမြိုင်လမ်းနေ (ညွှန့်ထရေးဒင်း အင်တာပရိုက်စ်)ပိုင်ရှင် ဦးကျော်ညွန့်က ၁၃၆၆ ခု၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ရှိ စာချ၊ စာသင် သံဃာတော် ၅၀၀ ကျော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ပြီး အရုဏ်ဆွမ်းဟင်း ဆက်ကပ်လှူဒါန်းရန် ဝတ္ထုငွေကျပ် ၂၂ သိန်း လေးသောင်းကို ပထမအကြိမ် လှူဒါန်းရာ ဇောတိကာရုံ ပရိယတ္တိ သာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးများ တက်ရောက်လက်ခံကြသည်။ (က-ပ)

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ဦးဆောင်၍ စည်ပင်သာယာဝန်ထမ်းများ ဗိုလ်ချုပ်လမ်းနှင့် ဘုရင့်နောင်လမ်း လမ်းဆုံ ဝဲ၊ ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများဆယ်ယူခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်

တောင်တွင်းကြီး စက်တင်ဘာ ၁၀

တောင်တွင်းကြီးမြို့နယ် ညာဂမိုးအုပ်စု ဖျောက်ဆိတ်ကုန်းကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉နာရီက အဆိုပါ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်လှမြင့်က ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးမှာကြားပြီး ကျေးလက် ကျန်းမာရေးဌာနခွဲကို မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်လှမြင့်နှင့် မြို့နယ် အတွင်းရေးမှူး ဦးမျိုးသန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (မြို့နယ်ပြန်/ဆက်)

ခရမ်း မြို့နယ် ကံသာ ကျေးရွာရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဩဂုတ် ၂၅ ရက်က ကျင်းပရာ လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ် ပုံ တင် ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူးဦးတင်အောင်က နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (ရဖ)

ကင်မွန်းချုံကျောင်း တရားပွဲကျင်းပမည်

မော်လမြိုင် စက်တင်ဘာ ၁၃

မော်လမြိုင်မြို့ ဈေးချိုနယ်မြေ ကင်မွန်းချုံကျောင်း ပရိယတ္တိစာသင်တိုက် ဓမ္မာရုံကြီးတွင် ၁၃၆၆ ခု၊ တော်သလင်းလကွယ် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နယ်လှည့်ဓမ္မကထိက မော်လမြိုင် တောင်ဝိုင်းဆရာတော် ချင်းတွင်း အရှင်ကလျာဏက တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကျေးလက်ဂဝံလမ်း အဆင့်မြှင့်တင်ဆောင်ရွက်

အုတ်ဖို စက်တင်ဘာ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အေးမြသာယာ တိမ်မြုပ် ကျေးလက်လမ်းပေါ်တွင် အရှည်ပေ ၃၇၀၀၊ အကျယ် ၁၀ ပေရှိ ဂဝံလမ်း အဆင့်မြှင့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ကြီးကြပ်ဆောင်ရွက်

ယင်းဂဝံလမ်း အဆင့်မြှင့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူရတို့ စက်တင်ဘာ ၄ ရက်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (က-ပ)

ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်

အရာတော် စက်တင်ဘာ ၆

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၉ ရက်နံနက်ပိုင်းတွင် မကျီးကန်ကျေးရွာ အနာဂတ် လူငယ်များ သုတပဒေသာစာကြည့် တိုက်နှင့် မွန်းလွဲပိုင်းတွင် နောင်ကြီးအိုင်ကျေးရွာ ရွှေကြာအိုင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားများ ကျင်းပသည်။

ရှေးဦးစွာ အနာဂတ်လူငယ်များ သုတပဒေသာစာကြည့်တိုက်ကို မြို့နယ်အတွင်းရေးမှူး ဦးစိုးစိုးအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးမိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦးတို့က လည်းကောင်း၊ "ရွှေကြာအိုင်"စာကြည့်တိုက်ကို မြို့နယ်အဖွဲ့ဝင်(၂) ဦးသိန်းအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်သန်းသန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအုန်းကျော်တို့က လည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် စာအုပ်အလှူရှင်ခုနစ်ဦးတို့က သုတ/ရသစာအုပ်မျိုးစုံ ၂၀၀ အုပ် လှူဒါန်းကြရာ ကျေးရွာ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

(မြို့နယ်ပြန်/ဆက်)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က စံဖိတ်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစိုင်းသာလှိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလှဘော်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်နန်းထွေးခမ်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၄၇)

ပညာရိပ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ဝက်လက် စက်တင်ဘာ ၅

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဝက်လည်ရွဲကျေးရွာ (ပညာရိပ်) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ကျေးရွာအခြေခံမူလတန်းကျောင်းဆောင်တွင် ဩဂုတ် ၂၄ ရက်က ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းနှင့် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဘို၊ ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေအေး၊ ကျေးရွာစာကြည့်တိုက်မှူး ဦးငွေစိုး၊ ရပ်မိရပ်ဖများ၊ စာပေဝါသနာရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလှူဒါန်းသော စာအုပ်/စာစောင် ၅၀ အုပ်ကို စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နန်းမြင့်ကလည်းကောင်း၊ ကျေးရွာအလှူရှင်များကလည်းကောင်း စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးငွေစိုးက လက်ခံရယူသည်။ **(၂၃၀)**

အလှူခံရရှိထားသည့် စာအုပ်စာစောင်များ ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်း

မြောင်းမြ စက်တင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာနက အလှူခံထားသော စာအုပ်စာစောင်များ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက်က မြောင်းမြမြို့ သာသနာ့ဗိမာန်တွင် ကျင်းပရာ မြောင်းမြမြို့နယ်ဥက္ကဋ္ဌ ဦးလှဝေ၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူး ဦးလှမြင့်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာ၊ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

မြောင်းမြခရိုင်ပြန်/ဆက် ဦးစီးဌာန ဦးစီးအရာရှိ ဦးမြသင်းက အလှူခံရရှိထားသောစာအုပ်စာစောင်များကိုကျေးရွာကိုယ့်အားကိုယ်ကိုးကျေးရွာ စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို မြောင်းမြတစ်ခရိုင်လုံးတွင် မြောင်းမြ ၁၄၅ ခု၊ အိမ်မဲ ၄၁ခု၊ ဝါးခယ်မ ၇၅ ခု၊ မော်လမြိုင်ကျွန်း ၉၂ ခု၊ လပွတ္တာ ၁၆ ခု၊ ပြင်စလူ ကိုးခု စုစုပေါင်း ၃၇၈ ခု ဖွင့်လှစ်ပြီးစီးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကျောက်မဲ၌ ဖြည်သာယာ စာကြည့်တိုက်ဖွင့်

ကျောက်မဲ ဩဂုတ် ၂၅

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးသာယာစံပြကျေးရွာ ပြည်သာယာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီက ကျောက်မဲမြို့နယ် အေးသာယာစံပြကျေးရွာ အဆိုပါ စာကြည့်တိုက်တွင် ကျင်းပရာ အေးသာယာစံပြကျေးရွာကျောင်းထိုင်ဆရာတော်ဦးပညာသီရိ၊ ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သာယာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်များကို ဦးစီးမှူး ဦးကျော်ဝင်းကိုက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက လက်ခံရယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ဩဂုတ် ၈ ရက်၌ ဟူစီးလိုင်းကျေးရွာ၌ တိုးတက်အောင် စာကြည့်တိုက်ကို လည်းကောင်း၊ ဩဂုတ် ၉ ရက်က နားအော်ကျေးရွာ၌ အလိမ္မာစာကြည့်တိုက်ကို လည်းကောင်း၊ ဩဂုတ် ၁၁ ရက်က ခေါက်ဝိုးလန်ကျေးရွာ၌ ရွှေတောင်ထိပ်စာကြည့်တိုက်ကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီးကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ပြင်ဦးလွင်မြို့နယ် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကဗျူးကျေးရွာမူလတန်းလွန်ကျောင်းဖွင့်ပွဲကို ဩဂုတ် ၂၇ရက်က ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးစံရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်၊ အနီးစခန်း အထက (ပင်မ)ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်အေးနှင့်ကဗျူး မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူမြိုင်တို့က ဖွင့်လှစ်ပေးစဉ်။ (၄၂၁)

စေတနာညကျောင်းဖွင့်ပွဲ ကျင်းပ

ကသာ ဩဂုတ် ၃၁

ကသာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အမျိုးသမီးရေးရာ စေတနာညကျောင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက်တွင် အထက(၁) အောင်ဆန်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အလိုက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာညကျောင်းသို့ တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာလှလှဌေးက စေတနာညကျောင်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ အမျိုးသမီးရေးရာ စေတနာညကျောင်းကို ဩဂုတ် ၂၃ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့မှအပ နေ့စဉ် ည ၆နာရီခွဲမှ ၉ နာရီခွဲအထိ ဒသမတန်းအဆင့် ကျောင်းသင်ခန်းစာများကို အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **(အောက်ပုံ)** **(က-ပ)**

ကူးစက်ရောဂါပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ထားဝယ် ဩဂုတ် ၃၁

ကျောင်းများတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ပညာပေးလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ထားဝယ်ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို၊ အတွင်းရေးမှူး ဗိုလ်မှူးလှမြင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက အဖွင့်အမှာစကား ပြောကြားပြီး ထားဝယ်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်၊ ခရိုင်ပညာရေးမှူး ဦးမြင့်သိန်းနှင့် ခရိုင်ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာကျော်မင်းတို့က ပညာပေးဟောပြောသည်။

(က-ပ)

မြိတ်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ သုတ၊ရသ စာအုပ်များ ပေးအပ်လှူဒါန်း

မြိတ် စက်တင်ဘာ ၆

တနင်္သာရီတိုင်း မြိတ်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များသို့ သုတ/ရသ စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်မွန်းလွဲ ၁နာရီက မြိတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ သုတ/ရသစာအုပ်စာတမ်း ၂၃၀၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်များကိုယ်စား တည၌ကျေးရွာဥက္ကဋ္ဌ ဦးအောင်တင်က လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**



ဒဂုံတက္ကသိုလ်
(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ဒဂုံတက္ကသိုလ်မှ ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ၊ (ဘွဲ့)(၁၉၉၉)စနစ်သစ် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အစီအစဉ်
(၉-၁၀-၂၀၀၄)ရက် စနေနေ့၊ နံနက်ပိုင်း

ဝိဇ္ဇာဘွဲ့ - မြန်မာစာ၊ အင်္ဂလိပ်စာ၊ English for Occupational Purposes၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊

သိပ္ပံဘွဲ့ -ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ Biotechnology၊ ရုက္ခဗေဒ၊ Environmental Studies၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ

အစမ်းလေ့ကျင့်ရန် - (၈-၁၀-၂၀၀၄)ရက် သောကြာနေ့ နံနက်(၉:၀၀)နာရီ။

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ဝတ်စုံ ငှားရမ်းခွင့် ထောက်ခံစာကို (၁-၁၀-၂၀၀၄)ရက်နေ့မှစ၍ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

လှမြင့်
မော်ကွန်းထိန်း
ဒဂုံတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
တင်ဒါအမှတ် - ၃၆/မမ/ရုံးသုံးစက်ကိရိယာ(ဌာနခွဲအသီးသီး)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Electric Calculator	5-Nos.
2.	Colour Printer	1-No.
3.	Dot Metrix Printer, A3	1-No.
4.	Copy Printer	2-Nos.
5.	Scanner	2-Nos.
6.	PA System	10-Sets.

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၂၉-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၅-၉-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃။

ပုသိမ်အသင်း(ရန်ကုန်)
(ပညာသင်ထောက်ပံ့စရိတ် ခံစားခွင့်လျှောက်လွှာခေါ်ယူခြင်း)

ပုသိမ်အသင်း(ရန်ကုန်)၏ ပညာရေးထောက်ပံ့မှုကော်မတီမှ ကြီးမှူး၍ အသင်းဝင် မိသားစုများမှ ဆင်းရဲနွမ်းပါး၍ ပညာရည်ထူးချွန်သော ကျောင်းသား/သူများအား တက္ကသိုလ်ပညာကို ဆုံးခန်းတိုင် သင်ကြားနိုင်ရေးအတွက် ကူညီထောက်ပံ့ ပေးမည်ဖြစ်ပါသည်။

ထောက်ပံ့ကြေးငွေကို ရရှိခံစားလိုသူ အသင်းဝင်မိသားစုများမှ ထူးချွန် ကျောင်းသား/သူများသည် အောက်ပါလိပ်စာများတွင် လျှောက်လွှာပုံစံများကို အခမဲ့တောင်းယူ၍ လျှောက်လွှာပါ စည်းကမ်းချက်များနှင့် ညီညွတ်ကိုက်ညီပါက လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁)အောင် အီလက်ထရောနစ်(ဦးသက်ဝင်း)
အမှတ်(၁၅)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ဖုန်း-၀၄၂-၂၅၁၁၆
(၂)(ဦးအောင်မြင့်) လူပုံတော်ပတ္တမြား အဘယသုခဆေးတိုက်
အမှတ်(၈၄၀)၊ လမ်းသစ်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၁၉၇၈။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)ဒညင်းကုန်း
ဖုန်း -၆၄၀၇၃၉၊ ၆၄၀၄၄၂

တီအီးယာဉ်မောင်းနှင့်မှုသင်တန်းအမှတ်စဉ်(၉၀) (၂၈-၉-၂၀၀၄)ရက်နေ့တွင် ဖွင့်မည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများ ပေးသွင်းနိုင်ပါသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် သတ်မှတ်သင်တန်းသား ဦးရေပြည့်မီပါက သီးခြားသင်တန်းစီစဉ်ပေးမည်။ နယ်သင်တန်းသားများအတွက် ဘော်ဒါရှိသည်။

သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။ သင်တန်းဆင်းလက်မှတ်အား အင်္ဂလိပ်ဘာသာဖြင့် ချီးမြှင့်ထုတ်ပေးသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား၊ အမျိုးသမီး အခြေခံယာဉ်မောင်းသင်တန်းကို ၄-၁၀-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ၁၃-၉-၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများမှ သင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့် (ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါသည်။

သင်တန်းသားဦးရေကန့်သတ်ထားပါသည်။ ၎င်းအပြင် အခြေခံလျှပ်စစ် ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်းများကို ၆-၁၀-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့် ဝါရင့်ပညာရှင်များမှ စာတွေ့/လက်တွေ့ကို အနီးကပ်ကြီးကြပ်ပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်- ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၆၆၀၈၅၁။



မိတ်ဆွေ-သင်(ငါး+ပုစွန်)မွေးရန် စိတ်ကူးနေသလား

စာရင်း-ဇယား တိကျမှန်ကန်စွာ လုပ်ငန်းအောင်မြင်စီးပွားဖြစ်သည်အထိ တာဝန်ယူ လုပ်ဆောင်ပေးမည်။

ဦးစိုးဆင့်
Ph: 09.80 22129 နှင့် 298657သို့ ဆက်သွယ်တိုင်ပင်နိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် အမှတ်-၁၈၆၉၇၉ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဦးစွန်ကော်ယု
Ph: 0999-27547, 292581.

လုံးဝတာဝန်မယူပါ

မောင်အောင်ခိုင်စိုးလွင် (ခ) မောင်အောင်ခိုင် (ALE. ၀၀၉၅၀၈) ပြုလုပ်သမျှသော ကိစ္စအဝဝတို့သည် ကျွန်မ ဒေါ်လှလှကြည်နှင့် လုံးဝမသက်ဆိုင်ပါ။ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
မိခင်-ဒေါ်လှလှကြည်
[၁၂/ဗဟန(နိုင်)၀၇၁၅၉၁]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ



3 in 1 Super Big **Go!** ခြင်ဆေးခွေ ၏ထူးခြားချက်

3 Color Smell Coils **in 1**

အရောင်(၃)မျိုး၊ အနံ့(၃)မျိုး၊ တစ်ချပ်လျှင် (၃)ခွေ

(တစ်ဘူးလျှင်(၁၈)ခွေပါသည်) ဖုန်း-၂၈၀၀၀၄၊ ၂၈၀၀၀၅

အမည်ပြောင်းခြင်း

ဦးမြတ်သူသန်း၏သမီးဖြစ်သူ အထက(၁)ကမာရွတ်၊ ဆဋ္ဌမတန်း(ခ)မှ မရေ၀တီထွန်းအား မယမင်းသီရိဟု ပြောင်းလဲခေါ်ပါရန်။

ကားစီးလုံးငှားမည်

MT&K Tourism Co. Ltd.

Ph:665361, 666228, 441384

09-2842815, 09-5016537

ELITE

Engineering Group

၄။ Programmable Logic Controls (P.L.C)

ငှားမည်

65'x85'(၂)ထပ်တိုက်၊ 4MBR;5A/C;Ph;

50'x60'(၂)ထပ်တိုက်၊ 3MBR;4A/C;Ph;Fur;

90x90(၂)ထပ်တိုက်၊ 6MBR;1A/C;Ph;

12.5'x60'(မြေညီ+ပ)ထပ်၊ Ph;

221184,211642,09-99-27497

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်မေသုမာ[၁၂/အလန(နိုင်)၀၂၉၄၅၅]သည် နှစ်ကြိမ်တိုင်တိုင် လက်ဝတ်လက်စားများကို ယူဆောင်၍ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ကျော်သီဟ[၁၂/လမန(နိုင်)၀၉၉၀၇၇]**

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်း အဆင့်(၇) တိုက်ခန်းနေရာချထားခြင်း လက်မှတ်မူရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဒေါ်မြင့်မြင့်သန်း

ဖုန်း-၀၁-၃၇၉၈၃၆။

တိုက်ခန်းရောင်းမည်

ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်း၊ တိုက်ခန်းနံပါတ်၃၆(B)(၃)၊ သုံးလွှာ (18' x 60')၊ယုဇနဂါးဒင်းဟိုတယ်ကပ်လျက်၊ လပြည့်ဝန်း Shipping Mall မျက်နှာချင်းဆိုင်၊ အဆင့်မြင့်ပြင်ဆင်ထားပြီး။

(ညီနှိုင်းဈေး) ၀၉-၉၉၂၅၈၆၈

၀၁-၂၅၀၆၄၄

၀၁-၅၁၀၁၅၉။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။**

ပိုင်ရှင်ကိုယ်တိုင်တည်ဆောက်ရောင်းမည်(ညီနှိုင်းဈေး)

၁။မြောက်ဥက္ကလာပစက်မှုဇုန် အဝိုင်းအနီး (၈၀'x၂၀၀') RC (၂)ထပ်တိုက်၊ BN(၁)ထပ်တိုက်၊ BN (၁)ထပ်ဂိုဒေါင်၊ ပါဝါ(၂)လုံး၊ ရိုးရိုး(၂)လုံး၊ ဖုန်း(၁)လုံး၊ အဲယားကွန်း(၅)လုံး၊ ရေအဝီစိ+ဂျိုးဖြူ။ **ဖုန်း-၆၉၉၉၈၀။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အိမ်အမှတ်(၄၈၈-ဘီ)၊ ကမ်းနားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅အီး၆)၊ မြေကွက်အမှတ်(၁၃၃)၊ ဧရိယာ(၀.၁၁၃ဧက)ကေအား ဦးပေါ၊ ဦးသီဟထွန်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြေညာသည့်နေ့မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့ လာရောက်၍ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်နယ်တရားမရုံး၌

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၂

ဒေါ်ခင်မိုးမိုး နှင့် ၁။ ဦးငွေဝင်း

၂။ ဒေါ်အေးလှိုင်

၃။ ဒေါ်သင်းသင်းအေး

တရားလို **တရားပြိုင်များ**

ဦးငွေဝင်းနှင့်ဒေါ်အေးလှိုင်၊ ဇေယျာသီရိ(၁)လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်း၊ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ဦးငွေဝင်းနှင့် ဒေါ်အေးလှိုင်အပေါ်၌ တရားလို ဒေါ်ခင်မိုးမိုးက လုပ်ငန်းသုံးရန်အတွက်ရယူထားသော ငွေ(၁၀၀၀၀၀၀ိ/-)(ကျပ်ဆယ်သိန်းတိတိ) ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် အောက်တိုဘာလ ၅ရက်(၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော်၇ရက်နေ့)မွန်းမတည့်မီ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရသည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် စက်တင်ဘာလ၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဆွေဆွေ

ဒုတိယခရိုင်တရားသူကြီး(၃)၊ မြောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်မြို့။

သပြေညို-ဆံဆီ

ဒီနေ့မှာ ဒီနေ့ရောက်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်သင်း C.D.C No.19576 ၏ သဘော်သားနှင့်ဆိုင်သော P.S.C/RB လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

Ph: 541866.

ဦးဇော်ဖေ

အသက်(၅၈)နှစ်

(ဗဟန်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၄၁)နေ (ဦးနီ-ဒေါ်နှင်းနု)တို့၏သား၊ (ဦးရေး)-ဒေါ်စိန်လှိုင်၊(ဦးတင်အောင်)-ဒေါ်ဝိုင်းစိန်တို့၏မောင်၊ ဒေါ်ကြည်ကြည်ငွေး၊ ဦးစန်းငွေ-ဒေါ်တင်တင်ရီ၊ ဒေါ်မြင့်မြင့်လှိုင်တို့၏အစ်ကို၊ မောင်အေးကျော်၊ မသန်းသန်းနု၊မခင်မြရီ၊ မောင်မိုးကျော်-မတင်တင်ထွေး၊ မောင်အောင်ကျော်ထူး၊ မောင်မောင်နိုင် - မအေးအေးခိုင်တို့၏ ဦးလေး၊မောင်ရဲမင်းဟိန်း[အမက(၁)ဒဂုံ] မအေးမွန်သက်တို့၏ အဘိုးဖြစ်သူသည် ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

U RAL LIAN BAWI

(ခ) ဦးကျော်ဆွေ

အသက်(၅၃)နှစ်

မန္တလေးမြို့၊ နယူးစီဗွီလိုင်းရပ်ကွက်၊ အမှတ်၂၈/ခ၊ ၃၂လမ်း၊ ၆၈x၆၉လမ်းကြားနေ(ဦးလျန်ကင်း-စက်ရှင်တရားသူကြီး)-(ဒေါ်ဖွားခင်၊ အထက်တန်းသူနာပြုဆရာမ)တို့၏သားကြီး(ဝဏ္ဏကျော်ထင် DR.R Ni Khwai)-Mrs J.H Ni Khwai (U.K)၊ U San Khar (တွဲဖက်ညွှန်မှူး၊ ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်တင်တင်အေး(ဌာနမှူး၊ ငြိမ်း၊ ဝ/သ ရန်ကုန်သမိုင်းဌာန)၊ Daw Sun Tial၊ Daw Ngun Vel- U Siah Tahng(လ/ထကထိက၊ သမကောလိပ်၊ မန္တလေး)၊ ဦးချစ်တင်(WV-AMPR)-Sister ခင်မေတိုး (ခုတင်၃၀၀ဆံ့သင်ကြားရေးဆေးရုံ၊ မန္တလေး)၊ သိက္ခာတော်ရဆရာ ဦးသာလှ-ဒေါ်လီလီကြည်၊ ဦးကြည်လှ(ရုံပိုင်-အထူး)-ဒေါ်ရီရီမြင့်၊ ဦးလှ၀ေ)(2nd Office)- Daw Lian Cer (S/N- အရိုးအထူးကုဆေးရုံ၊ ရန်ကုန်)၊ Dr. Vum Za Cin Pau (Victor)-ဒေါ်မြင့်မြင့်ကြည်၊ ဦးဘိုငွေးတို့၏အစ်ကိုကြီး၊ တူ/တူမ(၁၄)ယောက်တို့၏ဦးကြီးသည် ၉-၉-၂၀၀၄နေ့ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၉-၂၀၀၄နေ့ ၁၁နာရီ၌ အထက်ပါနေအိမ်တွင် ဝတ်ပြုဆုတောင်းပြီး ကြာနီကန် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း

ဒါယိကာမကြီး

ဒေါ်ရွှေမြ

အသက် (၇၄) နှစ်

(စစ်တွေမြို့)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၃၈)၊ (၁၅)လမ်း၊ (၃)ရပ်ကွက်နေ (ဦးအောင်ကျော်ဖဲ)၏ ဇနီး၊ ဒေါ်လှသုဇာ (အထက-၂၊ တောင်ဥက္ကလာပ) ဦးသန်းငွေး(စက်ရုံမှူး-Lucky Star)၊ ဒေါ်လှသီတာ (စက်ရုံမှူး၊ သဃ်န်းကျွန်းအထည်စက်ရုံအမှတ်(၁၅)-ဦးကျော်ညွှန့်(အောင်နဒီကုမ္ပဏီ)၊ ဦးသာထွန်းအောင်၊ ဒေါ်နီလာယဉ်တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မဟန်သီညွှန့် (ပထမနှစ်၊ စီးပွားရေး)၊ မောင်ကျော်မရ (အထက-၂၊ ကမာရွတ်)၊ မောင်မြတ်ထက်ခန့်(အထက-၂၊ကမာရွတ်)၊မောင်ကင်းဝဏ်(ရန်ကင်း T.T.C)၊ မသုသုသာ (ရန်ကင်း T.T.C)တို့၏ ချစ်လှစွာသော အဘောင်ရှင်သည် ၁၃-၉-၂၀၀၄ ရက်နေ့ နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ဒါယကာကြီး

ဦးစောအောင်

အသက် (၇၂) နှစ်

(ရသေ့တောင်မြို့)

ဦးစီးအရာရှိ ထွေ/အုပ် (ငြိမ်း)

ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ တိုက်အမှတ်(၄)၊ အခန်း(၅၀၂)နေ ဒေါ်ငွေငွေ၏ ခင်ပွန်း၊ ဦးစောညွန့် (I/E-miraco shipping Co.Ltd.)-ဒေါ်ခင်စောဝင်း၊ (ဦးကျော်စိန်ညွှန့်)-ဒေါ်ဝင်းဝင်းရီ (ထွေ/အုပ်)၊ ဦးလှမောင်သိန်း-ဒေါ်နုနုရီ၊ ဦးအောင်ဝင်း (Civil Engineer)၊ ဒေါ်သီတာဦး (လ၀က)၊ ဦးသာဝင်း(E/E.OCEAN TANKERS SHIPPING Co. Ltd.)၊ ဒေါ်စောခင်လေး (စီးပွားရေးဦးပိုင်)၊ ဦးစောလှဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၉-၂၀၀၄ ရက် (တနင်္လာနေ့) နံနက်၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးတင်ညွန့်	၁၂/သဃက(နိုင်)၀၅၃၂၁၃	၂၉၁ ဓါတ်ငြိမ်-၂ ၆ ရပ်ကွက် မြောက်ဒဂုံ သယ်န်းကျွန်း	ဒဂုံတောင်	၂၆	၄၄၀/ခ	ဦးလှအောင်	ဂရန်သစ်
၂။	ဒေါ်တင်အောင်	၁၄/မမန(နိုင်)၀၁၃၃၁၃၀	၅၂၆၊ ၅ ရပ်ကွက် ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၅	၄၂၆	ဦးဖေသိန်း	ဂရန်သစ်
၃။	ဦးသိန်းလှိုင်	၁၂/သဃက(နိုင်)၀၄၃၉၈၈၆	၁၉၁/၁၆ ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၁၆	၁၉၁	ဦးစန်းအောင်	ဂရန်သစ်
၄။	မနီနီအောင်+၁	၁၂/ဗဟန(နိုင်)၀၀၂၉၉၆	၉ နီလာလမ်း ကျိုက္ကဆံရပ်ကွက် ဗဟန်း	ဗဟန်း	၃၅ H	၄၃၇	ဦးဘသန်း	အမည်ပြောင်း
၅။	ဒေါ်ခင်ရီ	၁၂/ကမတ(နိုင်)၀၃၄၂၄၄	၁၁၉ ကောဓာမင်းလမ်း	ကြည့်မြင်တိုင်	၂၆-A[၂]	V ၆၈	ဦးထွန်းခင်	မြေပုံကူး
၆။	ဦးအောင်သောင်း	AA ၀၀၉၀၀၄	၇၇၊ သရက်တော(၃)လမ်း	ကြည့်မြင်တိုင်	၂၆-F[၃]	၆၈	ဦးအောင်သောင်း+၁	မြေပုံကူး
၇။	ဒေါ်တင်ယုဓာ	၁၀/မဒမ(နိုင်)၁၁၁၇၈၉	၈၂၁ ဦးကြင်ဥလမ်း ၃၂-ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၃၂	၈၂၁	ဦးတင်အောင်	အမည်ပြောင်း
၈။	ဒေါ်သန်းရီ	၁၂/မဂတ(နိုင်)၀၃၆၈၉၈၀	၃၇၊ ၁၁၉-လမ်း	မင်္ဂလာတောင်ညွန့်	၁၁-E	V ၇၇	ဒေါ်ခင်ရီ	အမည်ပြောင်း
၉။	ဒေါ်မြစော	၁၂/ကမတ(နိုင်)၀၁၄၈၂၄	၆၇၊ ကျည်ပင်လမ်း	ကြည့်မြင်တိုင်	၂၅-E[၆]	၃၆	ဒေါ်စောညွန့်+၁	အမည်ပြောင်း
၁၀။	ဒေါ်ညွန့်ညွန့်ရင်	၁၂/ဗဟန(နိုင်)၀၄၂၄၆၄	၃၁ မှန်ရှုလမ်း အနောက်မြောက်အရွေ့ရပ်ကွက် ဗဟန်း	မြောက်ဥက္ကလာပ	ခ	၄၄၇-၁	ဦးမောင်မောင်အေး	အမည်ပြောင်း
၁၁။	ဦးထွန်းဝင်း	၁၂/ပဇတ(နိုင်)၀၀၂၈၁၉	၁၁၂/၁၁၃-လမ်း ပန်းဘဲတန်း	ဒဂုံဆိပ်ကမ်း	၇၉	၁၁၇၉	ဦးတင်ဟန်	ဂရန်သစ်
၁၂။	ဦးတင်မြင့်	၁၂/လမတ(နိုင်)၀၁၂၂၆၀	၅၀၊ ပါတော်လမ်း၊ လမ်းမတော်	ဒဂုံဆိပ်ကမ်း	၇၉	၄၅	ဦးဘညီ	ဂရန်သစ်
၁၃။	ဒေါ်ခင်ထွေးတင်	၁၂/ကမရ(နိုင်)၁၁၀၁၃၅၁	၂၀၊ အောင်မင်္ဂလာလမ်း (၅)ရပ်ကွက်	ကမာရွတ်	၇၁	၇၆၂	ဦးမြစိန်	အမည်ပြောင်း
၁၄။	ဦးဘကျော်	၃/ကကက(နိုင်)၀၆၀၈၈၉	၁၁၄၊ ကုန်သည်တန်းလမ်း ပန်းဘဲတန်း	ဒဂုံတောင်	၁၀၇	၇၂၄	ဦးလှအောင်	ဂရန်သစ်
၁၅။	ဦးဘကျော်	၃/ကကက(နိုင်)၀၆၀၈၈၉	၁၁၄၊ ကုန်သည်တန်းလမ်း ပန်းဘဲတန်း	ဒဂုံတောင်	၁၀၇	၇၃၆	ဦးလှမြင့်	ဂရန်သစ်
၁၆။	ဦးအောင်ငွေ	၁၂/ဒဂန(နိုင်)၀၁၁၀၁၆၄	၁၁၉၉၊ ၃၂-ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၃၂	၁၁၉၉	ဦးအောင်ရွှေ	ဂရန်သစ်
၁၇။	ဒေါ်ချိုချိုအောင်	၁၂/ဗတထ(နိုင်)၀၀၆၁၃၅၇	၇၄၆၊ ၄၃-ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၄၃	၇၄၆	ဒေါ်လှကျော့ခင်	အမည်ပြောင်း
၁၈။	ဦးသက်နိုင်ဦး	၁၂/ဒဂရ(နိုင်)၀၀၂၈၃၈	၁၀၀၉၊ ၉-ရပ်ကွက် ဒဂုံအရှေ့	ဒဂုံအရှေ့	၉	၁၀၀၉	ဦးစိုးဝင်း	အမည်ပြောင်း
၁၉။	ဦးဝင်းမင်းအုန်း	၁၂/ကတတ(နိုင်)၀၀၁၀၁၄	၁၄၀၂/၄၂-ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၄၂	၁၄၀၂	ဒေါ်ခင်အေးမြင့်	ဂရန်သစ်
၂၀။	[illegible]	စီဒီ-၀၂၆၀၈	၂၅၁/၂၅၃/၂၅၅/၂၅၇ ရွှေဘုံသာလမ်း	ပန်းဘဲတန်း	၁၆ C[၃]	2nd N ¼ of II 22	Momin Bee Bee represented by her attorney Mahomed, Takoobjee Doobi	မြေပုံကူး

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးမင်းနိုင်

အသက်(၈၀)

ညွှန်ကြားရေးမှူး(အငြိမ်းစား)ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန
အမျိုးသားစာပေဆုရှင်၊ မနုဿဓေဒ(တွဲဖက်ပါမောက္ခ-ရန်ကုန်တက္ကသိုလ်)
ပရိယတ္တိသာသနာ့တက္ကသိုလ် "မဟာဓမ္မာစရိယ" အတန်းပြင်စာစစ်
ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊ နာယက (ရိုးရာပန်းအစည်းအရုံး)၊
ပခုက္ကူဦးအုံးဖေစာပေဆုရွေးချယ်ရေးကော်မတီနှင့် ရည်ညွှန်းကျမ်းများ
စိစစ်ရေးအဖွဲ့ဝင်၊ (ပန်းချီ၊ပန်းပုပြပွဲ၊ပြိုင်ပွဲအကဲဖြတ်အဖွဲ့ဝင်)၊
ယဉ်ကျေးမှုတက္ကသိုလ်နှင့် ပြတိုက်ပညာ ဒီပလိုမာသင်တန်း(ကထိက)

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ပုတီးကုန်းမြို့နေ(ဦးဖိုးဟန်-ဒေါ်စောရင်)တို့၏သား၊ (ဦးစိန်ဟောင်း-ဒေါ်ကျင်ပွင့်)တို့၏သားသမက်၊ (ဒေါ်ခင်အေးမြင့်၊စာကြည့်တိုက်မှူး ရှေးဟောင်းသုတေသနဦးစီးဌာန)၏ ခင်ပွန်း၊ (ဦးချန်ထွန်း-ဒေါ်ဖွားတင်)တို့၏မောင်၊ မစန်းစန်းမြင့်၏ဖခင်၊(မငွေးရီ)၊ မဝင်းကြည်၊ ကိုမြင့်ဝေ၊ ကိုလှတင့်၊ ကိုခင်မောင်ထွန်း၊မအေးအေးသိန်း၊မခင်ထားထားရီ၊ မခင်နှင်းယု၊ မဝင်းပပချယ်ရီထွေးတို့၏ဦးလေးသည် အမှတ်(၈)၊စန္ဒကူးလမ်း၊ အကွက်(၃၀)၊ကမာကြည်လမ်း၊ သုဝဏ္ဏမြို့နေအိမ်၌ ၁၄-၉-၂၀၀၄(အင်္ဂါနေ့)ညနေ ၄:၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် (၃၃)လမ်း (အထက်) လက်ဖက်ရည်ဆိုင်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ

ဦးဉာဏ်ထွန်း (၇၃)နှစ်

ရွှေဘိုဆိုင်
(ရပ်စောက်)

ရပ်စောက်မြို့၊ တောင်ကွက်သစ်ရပ်ကွက်၊ အမှတ်(၂၈၃)နေ ဒေါ်ရွှေတုတ်(ရွှေဘိုဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုသိန်းငွေ)-မစန်းစန်းမြင့်၊ မတင်တင်စန်း B.A (Myan;)၊ ကိုအောင်ကျော်သန်း B.Sc(Phy)-မနန်းအေးထူး B.A (Geo)၊ ဖယ်ခုံမြို့နေ ကိုသော် B.Sc(Chem)-မအောင်သန်းကြည်၊ကိုမျိုးသက်ခိုင်-မယဉ်ယဉ်သန်း B.A(Geo)၊ ကိုကျော်ကျော်ဆန်း-မယဉ်ယဉ်ဆန်း၊ ဒုရဲအုပ်ကျော်စံလင်း B.A(Myan;)-မမြင့်မာလာထွန်း B.A(Myan;)၊ မအောင်ဆန်းကြည် B.A(Eng)၊ ဗိုလ်ကြီးအောင်စံလင်း- မလှယဉ်ဝင်း B.Sc(Chem)၊မကေဇင်မင်း B.A(Myan;) တို့၏ မွေးသဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုးသည် ၁၄-၉-၂၀၀၄(အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ခင်မေအုန်း၏ မိခင် ဒေါ်တင်အေး အသက်(၈၃)နှစ်သည် ၁၃-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီးနှင့်ကျန်းမာရေးမိသားစု၊

အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊မြောက်ဥက္ကလာပ။

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးဘငွေး(ငြိမ်း)

အသက်(၈၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန၊ ညွှန်ကြားရေးမှူး၊ ရဲမှူးကြီးတင်မောင်ဌေးဇနီးဒေါ်တင်တင်ရွှေတို့၏ ဖခင်၊ မခိုင်တင်ဇာငွေး၏အဘိုး ဒုတိယဗိုလ်မှူးကြီးဘငွေး (ငြိမ်း)၊ အသက်(၈၀) ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါ ကြောင်း။

မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန တပ်ဖွဲ့ဝင်မိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်ချို

အသက်(၄၈)နှစ်

ညီအစ်မအရင်းပမာချစ်ခင်ရပြီး မိတ်ဆွေသူငယ်ချင်းများအပေါ် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ကူညီရိုင်းပင်းခဲ့သည့် မညို၊ မိမော်တို့၏အစ်မ ဒေါ်တင်တင်ချို (၄၈)နှစ်သည် ၁၂-၉-၂၀၀၄ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ထွေးထွေးဝင်း၊ ဒေါ်တင်တင်မိုး၊ ဒေါ်မိုးမမကျော်။

ဘုရား၊ ရဟန်း၊ ကျောင်းအမကြီး
အောင်ပါစေဆေးပေါ့လိပ်မိခင်ကြီး

ဒေါ်စိုးတင့်(၇၆)နှစ်

(မြင်းခြံမြို့)

မြင်းခြံမြို့နေ(ဦးမြတ်သာ-ဒေါ်အန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ်(၆၀)နေ (ဦးထွန်းရှိန်)၏ဇနီး၊ ဒေါ်တင်ရီ (အင်းစိန်မြို့)၏အစ်မကြီးနှင့် တူ၊တူမ များ၏အဒေါ်သည် ၁၄-၉-၂၀၀၄ ရက်တွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ ရက် နံနက် ၉နာရီတွင် မြင်းခြံမြို့နေအိမ်မှ ရွာစည် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်မင်းသန့်ဇော်

အသက်(၂၃)နှစ်

တတိယနှစ် (အိမ်တွင်းစီးပွား)

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇လမ်း (အထက်)၊ အမှတ် (၂၂၅)၊ မြေညီယာနေ ဦးညွှန့်ရွှေ-ဒေါ်စန်းစန်းရီတို့၏ တစ်ဦးတည်းသောသား မောင်မင်းသန့်ဇော်သည် ၁၄-၉-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂:၄၅နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

လူပျောက်ကြော်ငြာ

ကျွန်တော်၏ ဖခင် ခတ်ပုံရှင် ဦးမောင်ဟုန်(၆၆)နှစ်သည် ၂၅-၇-၂၀၀၄ ရက်တွင် နေအိမ်မှ ပျောက်သွားရာ ယနေ့တိုင် ပြန်လည်မတွေ့ရှိသဖြင့်တွေ့ရှိပါက အကြောင်းကြားပို့ပေးသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-
ဦးသန်းဦး-ဒေါ်တင်တင်မိုး
အမှတ်(၁၃၀၆)၊ ရွှေလက်လှလမ်း၊ ရွှေလက်လှရပ်ကွက်၊ ပြည်မြို့။
ဖုန်း- ၀၅၃-၂၂၀၄၅၊ ၂၅၆၁၆၊ ၂၄၈၇၅၊ ၂၄၈၉၄။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်အေး (၈၃)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၃၄/က)နေ (ဝဏ္ဏကျော်ထင် ဦးဘအုန်း STB)၏ ဇနီး၊ ကိုဘိုဘိုမြင့်၊ ကိုမင်းဇော်-မခင်ကြေးမုံမြင့်၊ ကိုကျော်စွာမြင့်-မထိုက်သူဇာ၊ ကိုနိုင်မင်း ဦး-မမီမီသန်းငွေ၊ မခင်ဝတ်မှုံမြင့်၊ မအေးသင်ဇာသန်းငွေ၊ မောင်နိုင်လင်းသန်းငွေ၊ မဝေမွန်စိုး၊ မသက်နွယ်စိုး၊ မဖြူနှင်းအိ၊ မောင်စည်သူဟန်၊ မယုမွန်ထွေး၊ မောင်ဖြိုးမင်းထွေးတို့၏ အဘွား၊ ခင်စံမိုနိုင်၊ ဟန်ထူးဇော်၊ Tiffany မြင့်တို့၏ ဘွားဘွားကြီး ဒေါ်တင်အေးသည် ၁၃-၉-၂၀၀၄ (တနင်္လာနေ့)မွန်းလွဲ ၁၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေး၊ မြစ်များ။

ဦးတင်မောင်အေး (၈၁)နှစ်

ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုစိမ်းကိန်းဦးစီးဌာန
(အုတ်ဖို)

(ဦးဘိုးထင်-ဒေါ်ရွက်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉)ရပ်ကွက်၊စည်ပင်လမ်း၊အမှတ်(၆၁၅)နေ ဒေါ်မြဇင်၏ ခင်ပွန်း၊ (ဦးမောင် မောင်-ဒေါ်ဖွားရှင်)၊ (ဦးလှအောင်)-ဒေါ်ခင်ခင်မော်၊ (ဦးတင်မောင်ညွှန့်-ဒေါ်တင်ရွှေ) တို့၏ ညီ/မောင်၊ (ဒေါ်ခင်ခင်ရီ)၊ (ဗိုလ်မှူးကြီးတင်မောင်မြင့်၊ ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ (ဗိုလ်ကြီးတင်လှထွန်း၊ငြိမ်း) - ဒေါ်လွင်မြင့်၊(ဒုတိယဗိုလ်မှူးကြီးမောင်ထူး၊ ငြိမ်း)-ဒေါ်ခင်ခင်လှတို့၏ အစ်ကို၊ ဦးအောင်ကျော်ဦး-ဒေါ်ကြည်ကြည်မြင့်၊ ဦးအေးချို-ဒေါ်မာမာကြူ၊ ဦးညီညီမြတ်-ဒေါက်တာအေးအေးဝင်း(ဆေး-၁)၊ ဦးဟိန်းစိုး-ဒေါ်သဇင်အေးတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၂-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ရွှေမြ (၇၄)နှစ်

(စစ်တွေ)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၂)၊မကြီးကြီးလမ်းနေ(ဦးကျော်ထွန်းအောင် R.E.O-ဒေါ်မမြ)တို့၏ သမီး၊အမှတ်(၄၃၈)၊ (၁၅)လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအောင်ကျော်ဖ)၏ဇနီး၊ (ဒေါ်ဦးမြသူ)၊ (ဦးအောင်ကျော်မြ)-ဒေါ်တင်လှ၊ (ဒေါ်လှမြသိန်း)၊ ဒေါ်သန္တာ၊ (ဦးအောင်မြသာ)၊ (ဦးမောင်ထွန်းသာ)တို့၏ညီမ၊ ဒေါ်အေးခိုင်ဖ၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ဆွေ၊ ဒေါ်သာနှင်းအေးတို့၏ အစ်မသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့) တွင်ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃:၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလွှာသျှင်မြတ် အမိန့်တော်ခံယူခြင်း

မိုဟာမ္မဒ်(ခ) ဦးဖေကြည်

အသက် (၅၁)နှစ်

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)အဆင့်
ထားဝယ်

ထားဝယ်မြို့၊ ကညံ့ရပ်၊ မြေတိုက်ကျောင်းလမ်း၊ အမှတ်(၃၈၃)နေ ဒေါ်အုံးမြင့်၏ခင်ပွန်း၊ (ဦးဉာဏ်ဝင်း)-ဒေါ်အေးမြင့်၊ ဦးဖေကြိုင်-ဒေါ်အောင်မေ၊ ဒေါ်သန်းညို၊ ဦးလှသိန်း- ဒေါ်စုစုထွေးတို့၏ညီ/အစ်ကို၊မဝါဝါမိုး၊မချယ်ရီလင်းတို့၏ဖခင်သည် ၁၀-၉-၂၀၀၄ ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၁၁-၉-၂၀၀၄ရက် မွန်းလွဲ ၁:၃၀နာရီတွင် ထားဝယ်မြို့ဆွန်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်ဟိန်းထက်အောင်

အသက်(၈)လ

ရန်ကုန်မြို့နေ၊ ဦးကျော်လင်း-ဒေါ်ရင်ကြည်၊ ဦးမိုးကုတ်-ဒေါ်ခင်လှိုင်တို့၏ မြေး၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ၄၄လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်နေ ဦးအောင်မြင့်-ဒေါ်ပြုံးသွယ်ခိုင်တို့၏သား၊ မမြင့်မြတ်ရတနာခိုင် (အထက-၁၊ ဒဂုံ၊ KG-E)၏မောင်သည် ၁၃-၉-၂၀၀၄ ရက်တွင် ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးချစ်တီး

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်းတို၊ နတ်ချောင်း(၂) လမ်းထိပ်၊ အမှတ်(၂၁)နေ (ဦးဘ-ဒေါ်ဆိုင်း)တို့၏သား၊ ဒေါ်ချစ်တင်၏ခင်ပွန်း၊ ဦးတင်ထွန်း-ဒေါ်စိမ်းခင်၊ ဦးအောင်မြင့်-ဒေါ်မြင့်သီ၊ ဦးမောင်လှ-ဒေါ်ဒေါင်းလှစိန်၊ ဒေါ်စန်းဝင်း(မြန်မာစာအဖွဲ့)၊ဦးအောင်ဆု၊ဦးကျော်ကျော်ဝင်း၊ ဦးထွဏ်းထွဏ်းလွင်-ဒေါ်ခင်မမတို့၏မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၄-၉-၂၀၀၄ (အင်္ဂါနေ့) နံနက်၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်အေး(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၃၄၊က)နေ (ဝဏ္ဏကျော်ထင်ဦးဘအုန်း STB)ဇနီး၊ ဒေါ်ခင်အေးကြည်၊ ဦးလှမြင့်-ဒေါ်စန်းစန်းခို၊ ပါမောက္ခ ဒေါ်ခင်မေအုန်း (ဆေး-၂၊ မြောက်ဥက္ကလာဆေးရုံကြီး)၊ ဒေါ်ခင်ဆွေအုန်း(MAC)၊ (ဦးသန်းငွေအုန်း)-ဒေါ်ဆွေဆွေဟန်၊ဒေါ်ခင်ကြူကြူအုန်း၊ ဦးကျော်စိုး (အကောက်ခွန်)-ဒေါ်ခင်ချိုအုန်း၊ ဦးဆန်းထွေးအုန်း(ကျန်း၊စီမံကိန်း)- ဒေါ်ငွေငွေရီတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး၁၃ယောက်၊ မြစ်သုံးယောက် တို့၏ ဘွားဘွားကြီးသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက်၁၁:၃၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးကြူ(ခ)အစု B.Sc

အသက်(၆၈)နှစ်

မြန်မာ့လက်ရွေးစင်ကျွန်းဆွယ်သေနတ်ပစ်ချန်ပီယံဟောင်း၊
စိန့်ပေါလ်ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းကမ်းနားလမ်း၊ အမှတ်(၃၄/၃၆)နေ (ဦးဘသင်-ဒေါ်ချစ်)တို့၏ သားငယ်၊ ဦးကံဦး(ကျွန်းဆွယ်သေနတ်ပစ်ချန်ပီယံ)-ဒေါက်တာဒေါ်အုန်းကြည်(ကလေးအထူးကုဆရာဝန်ကြီး)တို့၏ညီ၊ ဒေါ်ခင်သန်း(အထက၊ကျောင်းအုပ်၊ ငြိမ်း၊ ပြင်ဦးလွင်)၏ခင်ပွန်း၊ ဗိုလ်ကြီးကျော်ဝဏ္ဏ(ငြိမ်း၊ M.E.C)-ဒေါ်ယုဥမ္မာ၊ ဦးမင်းသန့်-ဒေါ်မာမာစိုး(ပြင်ဦးလွင်)၊ ဦးမိုးအောင်သိန်း-ဒေါ်သိန်းသန်းစု၊ ဦးမင်းခန့်(UNDP)၊ ဦးမိုးမင်းဒင်-ဒေါ်လှပိုပိုစုတို့၏ဖခင်၊ မောင်ဟိန်းဝဏ္ဏကျော်(ဒု/နှစ်၊ Eco)၊ မဆောင်းနှင်းယု (အထက-၁၊ဒဂုံ)၊ မောင်ကျော်မိုးခိုင်(အလက-၃၊ ပြင်ဦးလွင်)၊ မောင်ရဲရင့်ဝေယံ၊ မောင်ညီညီစိုးစံတို့၏အဘိုးသည် ၁၄-၉-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တက္ကသိုလ်များခြေလျင်နှင့်
တောင်တက်အသင်း

ဒေါ်တင်အေး(၈၃)နှစ်

ဆေးတက္ကသိုလ်-၂၊ရန်ကုန်ခြေလျင်/တောင်တက်အသင်းဥက္ကဋ္ဌ၊ ဆေးပညာပါမောက္ခ၊ဌာနမှူး ဒေါက်တာ ခင်မေအုန်း၏ မိခင် ဒေါ်တင်အေးသည် ၁၃-၉-၂၀၀၄ရက်တွင် ကွယ်လွန်၍ ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါ။

(ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင်ရှေ့မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးကြီးမြင့် (၇၅)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊အိုးဘိုရပ်ကွက်
ဆွမ်းကြီးလောင်းနှင့်
ဆွမ်းလောင်းမဏ္ဍာရုံဥက္ကဋ္ဌ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာလမ်း၊ အမှတ်(၈၃)၊ ပထမထပ်နေ (ဦးအုန်းဖေ-ဒေါ်ဇင်)တို့၏ သား၊ ဒေါ်သန်းနွဲ့၏ခင်ပွန်း၊ ဦးကြည်အေး-ဒေါ်စန်းမြင့်တို့၏ အစ်ကို၊ ဒေါ်ဖြူဖြူမြင့်(ထ-၃၊ စမ်းချောင်း)-ဦးထွန်းလင်း၊ ဦးခင်ဇော်-ဒေါ်နွယ်နွယ်အောင်(အမက-၁၀၊လှိုင်)၊ ဦးဝင်းဇော်-ဒေါ်မြတ်သွယ်၊ ဦးအောင်နိုင်(ခ) ကိုဖိုးချိုတို့၏ဖခင်၊ မောင်ဖြိုးမြတ် (1st MB-IM-1)၊ မောင်အောင်ပြည့်ဖြိုး၊မတင်ဇာထွန်းလင်း(VII-B၊ထ-၂၊ စမ်းချောင်း)၊ မောင်ဖုန်းမြတ်သူ (V-A၊ ထ-၄၊ အလုံ)၊ မခြူးစိမ့်သွယ် (I-A၊ထ-၁၊ ကြည့်မြင်တိုင်) တို့၏ အဘိုးသည် ၁၄-၉-၂၀၀၄(အင်္ဂါနေ့) တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၁၁:၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးကောင်းနိုင်(ငြိမ်း)

အသက်(၄၂)နှစ်

ဦးတင်အောင်-ဒေါ်လှလှတို့၏သား၊ ဦးအောင်သိဏ်း-ဒေါ်သန်းအေးတို့၏သားသမက်၊ ဒေါ်ယုယုအောင်၏ ခင်ပွန်း၊ မစိမ်းလဲ့ဖြူ(ပ-နှစ်၊ကွန်ပျူတာတက္ကသိုလ်)၊ မောင်အောင်လတ်ပိုင်၊ မောင်မင်းသစ်ထူး (ဆဋ္ဌမတန်း၊ အထက-၁၊ မင်္ဂလာဒုံ) တို့၏ ဖခင်သည် ၁၁-၉-၂၀၀၄ရက် ညနေ ၄နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယကာကြီး

ဦးသန်းဦး (ခ) ဦးကျန်စိန်

အသက် (၆၅) နှစ်

[ယခင်ကုန်သွယ်ရေး (၁) ငြိမ်း]

ပဲခူးတိုင်း၊ ဝေါမြို့နယ်နေ (ဦးပု-ဒေါ်ကျင်လှိုင်)တို့၏ သားထွေး၊ မော်လမြိုင်မြို့၊ ဖားအောက်ရွာသစ်နေ (ဦးဘိုးဆိုင်-ဒေါ်သင်းထုံ)တို့၏ သားသမက်၊ဟင်္သာတမြို့နေ(ဦးထိုင်ဟုတ်)-ဒေါ်ကျင်မြိုင်တို့၏ တူသား၊သဃ်န်းကျွန်းမြို့နယ်နေ(ဦးထွန်းအောင်)-ဒေါ်ရင်လှ၊ ပေါင်းတည်မြို့နေ (ဦးဟုတ်စိန်-ဒေါ်စန်းရီ)၊ ဟင်္သာတမြို့နေ ဦးလှကြင်- ဒေါ်ကျင်သန်းတို့၏ ညီ/မောင်၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ်(၂၈၄)နေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဒေါ်လှလှကြည်၊ ဦးသိန်းဦး- ဒေါ်ဝင်းကြည်၊ ဒေါ်သီတာဦး၊ဦးသိန်းဇော်ဦး- ဒေါ်စန္ဒာဝင်း၊ ဦးတိုးရဲ-ဒေါ်သင်းသင်းကျော်၊ မောင်မင်းမင်းအောင်တို့၏မွေးသဖခင်သည် ၁၄-၉-၂၀၀၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသည်။ ၁၆-၉-၂၀၀၄ ရက်မွန်းလွဲ ၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးကျော်ကျော်အုန်း

အသက်(၄၆)နှစ်

(တောင်ကြီး)

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်၊ အမှတ် (၂၇၂)နေ ဦးတင်အုန်း-ဒေါ်ရီရီတို့၏သား၊ ပဲခူးမြို့၊ ပြည်တော်သာ(၂) လမ်း၊ အမှတ်(၄၆၈)နေ(ဦးသစ်မောင်-ဒေါ်သန်းတင်) တို့၏ သားသမက်၊ဒေါ်သန်းငွေမြင့်၏ ခင်ပွန်း၊ မောင်မင်းရဲကျော်၏ ဖခင်၊ ဟင်္သာတမြို့နေ ဦးမောင်မောင်စိုး-ဒေါ်နွယ်နွယ်အုန်းတို့၏မောင်၊ မောင်မင်းဇော်စိုး၊ မောင်စိုးဝင်းဖြိုး၊ မောင်သန့်ဇော်စိုးတို့၏ ဦးလေး တပ်ကြပ်ကြီးကျော်ကျော်အုန်းသည် ၁၄-၉-၂၀၀၄ရက် နံနက် ၁၁နာရီတွင် မင်္ဂလာဒုံတပ်မတော်အသည်းရောဂါကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ(၈၃)နှစ်

(ထုံးကြီး)

ရန်ကုန်မြို့၊ ပဒုမ္မာလမ်း၊ အခန်းအမှတ်(၁)၊ တိုက်(၄)နေ ဦးဘိုးပေ၏ချစ်ဇနီး၊ ဦးအေးငွေ(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်)၏ မိခင်၊ ဦးချစ်ဖေ- ဒေါ်မှုံတို့၏သမီး၊ ဒေါ်တင်တင်အေး၊ဒေါ်စုစု၊ ဒေါ်ခင်သန်းနွယ်၊ ဒေါ်သိန်းကြည်၊ ဦးအောင်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (ကာကွယ်ရေးဝန်ကြီးဌာန)- ဒေါ်ကြည်ကြည်အုန်း၊ ဦးအေးနိုင်- ဒေါ်ရီရီလွင်၊ ဦးကြည်စိုး-ဒေါ်ဘေဘီ၊ ဦးမြသိန်း-ဒေါ်ခင်စန်းရီ၊ ဦးသံဒိုင်-ဒေါ်ခင်မာဝင်း၊ ဦးတင်အေး-ဒေါ်တိုးကြည်၊ ဦးသန်းထွန်း-ဒေါ်ခင်နှင်းရီ၊ ဦးဝင်းမြင့်-ဒေါ်ခင်ဝေဝေ၊ ဦးသန်းနိုင်-ဒေါ်ချောချောတို့၏ ချစ်လှစွာသောအန်တီ၊ မြေး ၄၅ ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘွား ဒေါ်မြမြသည် ၁၃-၉-၂၀၀၄(တနင်္လာနေ့) နံနက်၄:၃၀နာရီ တွင် ကွယ်လွန်သွားပါ၍ (၁၃၆၆ခုနှစ် တော်သလင်းလဆန်း၂ရက်)၊ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးဘငွေး(ငြိမ်း)

အသက်(၈၀)

ကြည်း(၆၈၅၁)၊ဗိုလ်သင်တန်းအပတ်စဉ်(၁၁)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
(မြောင်းမြမြို့)

အိမ်မဲမြို့နယ်၊ မရမ်းပင်ကျေးရွာနေ (ဦးဘိုးဝန်- ဒေါ်တင်မေ)တို့၏သား၊ ဦးခင်မောင်- ဒေါ်တင့်မေ၏အစ်ကို၊ ရန်ကုန်တိုင်း၊ ခြံအမှတ်(၆၆၀/ခ)၊ (၉)လမ်း (တောင်)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်တုတ်၏ ခင်ပွန်း၊ ဒေါ်ခင်ငွေးဦး(အလက-၄၊ အင်းစိန်)၊ ဦးခင်မောင်ငွေး (ဒု-ညွှန်မှူး၊ အင်/ယာ)-စည်ပင်ဦးစီးဌာန)-ဒေါ်စန္ဒီလွင်၊ ရဲမှူးကြီးတင်မောင်ငွေး (ညွှန်ကြားရေးမှူး (မူးယစ်ဆေးဝါးပပျောက်ရေး၊ မူးယစ်ဗဟို)-ဒေါ်တင်တင်ရွှေ၊ ဒေါက်တာစန်းအောင်၊ ဦးခင်မောင်ထွေး-ဒေါ်ခင်ဝင်းကျော်၊ ဒေါ်စုစုမာ(လဝက ရုံးချုပ်)၊ ဦးထွန်းအောင်ကျော်တို့၏ ဖခင်၊ မခင်ပြည့်စုံလှိုင် (1st M.B ဆေး-၁)၊ မောင်ကောင်းဝေဖြိုး၊ မောင်ဉာဏ်ဖြိုးလင်း၊မယမုံဖူးမွန်၊ မောင်ထွဋ်မြတ်လင်း၊ မခိုင်တင်ဇာငွေး၊ မသဥ္ဇာဖူးမွန်တို့၏အဘိုး ဒုတိယဗိုလ်မှူးကြီးဘငွေး(ငြိမ်း)သည် ၁၃-၉-၂၀၀၄ရက် ည ၇:၂၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၀၄ရက်နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမင်းထွန်း

အသက်(၃၃)နှစ်

စိန်လျှံစားသောက်ဆိုင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းမ၊ အမှတ် (၁၆)၊ စိန်လျှံခြံနေ ဦးဟန်ထွန်းမောင်(ကုက္ကိုင်းရေကူးအသင်း၊ မြားပစ်အဖွဲ့ချုပ်၊ မြင်းစီးအဖွဲ့ချုပ်) -ဒေါ်ကြင်တို့၏သား၊ ကိုကျော်ကျော်ဦး၊ ကိုကြည်သာထွန်းတို့၏ညီ၊ မသီတာထွန်း၊ မောင်အေးထွန်းတို့၏အစ်ကိုသည် ၁၄-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) ညနေ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂:၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ဦးတင့်ဆွေ အသက်(၅၀)

B.Sc(Chem)
လှဝေဓာတ်ပုံတိုက်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊သမိန်ဗရမ်းလမ်း၊ အမှတ်(၁၁၁)နေ (ဦးလှဝေ)-ဒေါ်သန်းကျင်တို့၏သားကြီး၊ဒေါက်တာဝင်းမြင့် - ဒေါက်တာဝင်းဝင်းကြည်တို့၏မောင်၊ ဦးတင့်အောင်-ဒေါ်ခင်နှင်းယု၊ ဦးအောင်သင်းမောင်-ဒေါ်မိုးပပအောင်တို့၏အစ်ကို၊ ဒေါ်မွေးမွေး(ခ) ရှုမီ၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူနှင်းဝေ(ဒု-နှစ်၊ ဓာတု)၊ မောင်သီဟအောင် (X ၊ အထက-၃၊ တာမွေ)၏ ဖခင်သည် ၁၃-၉-၂၀၀၄ရက်တွင် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်တင်ထွန်းလင်း(ခ)နေဇော်

အသက်(၂၄)နှစ်

MTM Co.,Ltd

နောက်ဆုံးနှစ်(သချၤာ)၊ အဝေးသင်တက္ကသိုလ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၇၆၊ ၅-လွှာ)နေ ဦးညီညီ(M.T.M)-ဒေါ်ခင်သန်းဝင်း (အော်တိုတယ်လီဖုန်း၊ဆသရ၊ ငြိမ်း)တို့၏ သားကြီး၊ မထက်မွန်အောင်၏ အစ်ကို၊ မောင်တင်ထွန်းလင်း (ခ) နေဇော်သည် ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၀၀:၂၀နာရီတွင် ဗဟိုစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

(ကွယ်လွန်သူအား ရည်စူး၍ ၁၈-၉-၂၀၀၄(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ နံနက်၇နာရီမှ ၁၂နာရီအထိ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု။

ဦးဖေတင်(၇၉)နှစ်

မော်တော်ယာဉ်မှူး(ငြိမ်း)
ဗဟိုပုံနှိပ်တိုက်
(ဗိုလ်ချုပ်ရွာ-သန်လျင်)

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ အလယ်ပိုင်းနေ (ဦးအေးမောင်-ဒေါ်အေးညွှန့်)တို့၏ သား၊ (ဦးစံညွှန့်-ဒေါ်သဲရှင်)တို့၏သားသမက်၊ (ဒေါ်အုန်းကြည်)၏ခင်ပွန်း၊ ဦးပဥ္စင်းဦးသန်းလွင်၏ညီ၊ (ဦးသိန်းငွေ)-ဒေါ်အေးကြိုင်၊ ဦးမြင့်ထွန်း-ဒေါ်တင်လှိုင်၊ ဦးအေးကို-(ဒေါ်သန်းနွဲ့၊ ခရမ်း)တို့၏ အစ်ကို၊ (ဦးဖုန်းလွင်)၊ ဦးသိန်းလွင်-ဒေါ်တင်ရီ၊ ဒေါ်ညွှန့်ညွှန့်ရီ(ဆောက်လုပ်ရေး)၊ (ဦးကျော်အေး)၊ ဒေါ်စန်းစန်းအေး (သစ်တောဦးစီးဌာန)၊ ဦးအုပ်စိုး-ဒေါ်စန်းစန်းထွေး၊ မောင်ထွေးနိုင် (ရိုးမဘဏ် ဗိုလ်တထောင်)တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ဗိုလ်ချုပ်ရွာ အလယ်ပိုင်းနေအိမ်၌ ၁၃-၉-၂၀၀၄ (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ဗိုလ်ချုပ်ရွာ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်သောင်းနု

အသက်(၆၃)နှစ်

(ပုတီးကုန်း)

ပဲခူးတိုင်း၊ပုတီးကုန်းမြို့၊(၄)လမ်းနေ (ဦးစံခ-ဒေါ်စပွာယ်)တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မိကဝတီလမ်း၊ အမှတ်(၂၆)နေ ဦးသန်းလှိုင် (ရွှေငွေရတနာဆိုင်)၏ ချစ်လှစွာသောဇနီးသည် ၁၄-၉-၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ လှိုင်မြို့နယ် အထက(၂) ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ "မြန်မာ့ကျောင်း" သီချင်းကို သီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းသူလေးများဖြစ်ကြသည့် မသူဇာနှင့် မယမင်းရွှေရည်အောင်တို့က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြကြပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**စာမျက်နှာ ၃ ကော်လံ ၁သို့** ⇨

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

စစ်မှုထမ်းဟောင်းမိသားစုများအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေ ရင်သွေးငယ်များကို အနာဂတ်သားကောင်းရတနာများဖြစ်အောင် မြေတောင်မြှောက်ပြုစု

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးဒေါင့်ကန် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)၊ ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသည့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

ကြေးမုံ The Mirror **ဆောင်းပါးအညွှန်း**

နယ်စပ်ဒေသနေ တိုင်းရင်းသား သွေးချင်းများအနေဖြင့် မိမိတို့ ဒေသအတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၌ အချိန်မရွေး တက်ရောက်ကုသနိုင်သကဲ့သို့ ဖွံ့ဖြိုးရေးအထူးဒေသကြီးများရှိ ခုတင် -၂၀၀ ဆံ့ အထူးကုဆေးရုံကြီးများတွင်လည်း လွယ်လင့်တကူ တက်ရောက်ကုသနိုင်ပြီ ဖြစ်ပေသည်။ အမျိုးသားကျန်းမာရေးကော်မတီအနေဖြင့်လည်း "ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသများတွင်သာမက နယ်စပ်ဒေသများကိုပါ ဦးစားပေး ဆောင်ရွက်ရန်" ဟူသော အမျိုးသားကျန်းမာရေးမူဝါဒတစ်ရပ်ကို ချမှတ်လမ်းညွှန်ထားပြီးဖြစ်သည်။

မြင့်စိုး(နတလ)၏ **"အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ နယ်စပ်ဒေသမှာ"** ဆောင်းပါး(စာမျက်နှာ-၆)

ဆုချီးမြှင့်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးဒေါင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)